# Information Sheet



VOLUME II, ISSUE 9 1 August 2022


| ★ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁ | ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီအစည်းအဝေး(၂/၂၀၂၂)ကျင်းပ | ၁ |
| ၂ | ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ ကြေညာချက်အမှတ် ၂/၂၀၂၂ | ၂ |
| ၃ | နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေး အမှတ်စဉ် (၅/၂၀၂၂) သို့ တက်ရောက်အမှာစကားပြောကြား | ၃ |
| ၄ | နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီအစည်းအဝေး (၁/၂၀၂၂) သို့ တက်ရောက် အမှာစကားပြောကြား | ၆ |
| ၅ | နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ၊ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ပြင်ဦးလွင်မြို့နယ်အတွင်းရှိ ရေဘေးသင့်ပြည်သူများအား တွေ့ဆုံအားပေးစကားပြောကြားပြီး ကူညီထောက်ပံ့ရေးပစ္စည်းများပေးအပ် | ၈ |
| ၆ | အစွန်းရောက်အကြမ်းဖက်သမားများ၏ ယုတ်မာကောက်ကျစ်မှုများ၊ အကြမ်းဖက်သတ်ဖြတ်မှုများနှင့် အကြမ်းဖက်လုပ်ရပ်များကို ဆန့်ကျင်ရှုတ်ချကြောင်း တိုင်းသိ၊ ပြည်သိ၊ ကမ္ဘာသိအောင် ရှင်းလင်းထုတ်ဖော် | ၁၄ |

| ★ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၇ | တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံပြီးစီးမှု | ၁၇ |
| ၈ | တရားမဝင်ကုန်သွယ်မှု တားဆီး/ဖမ်းဆီးနိုင်ရေးအတွက် တားဆီး/ဖမ်းဆီး ဆုငွေနှင့် သတင်းပေး ဆုငွေချီးမြှင့်နိုင်ရေး အသိပေးထုတ်ပြန် | ၁၉ |
| ၉ | ပြည်တွင်း၊ ပြည်ပအလုပ်အကိုင်အခွင့်အလမ်းများရရှိရေး တိုးမြှင့်ဆောင်ရွက်လျက်ရှိ | ၁၉ |
| ၁၀ | ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်အတွင်း ပြည်ပပို့ကုန်များ တိုးမြှင့်ဆောင်ရွက် | ၂၁ |
| ၁၁ | သက်ဆိုင်ရာနယ်မြေအလိုက် လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် မိသားစုဝင်များအား သွားရောက်တွေ့ဆုံ၍ စားသောက်ဖွယ်ရာများ ပေးအပ် | ၂၂ |
| ၁၂ | PDF အမည်ခံအကြမ်းဖက်သမားများ၏ ခြိမ်းခြောက်အကြမ်းဖက် သတ်ဖြတ်မှုအန္တရာယ်မှ တိမ်းရှောင်လာကြသူများအား ဆန်၊ ဆီ၊ စားသောက်ဖွယ်ရာများနှင့် ထောက်ပံ့ငွေများပေးအပ် | ၂၆ |
| ၁၃ | မြို့နယ်အချို့၌ PDF အကြမ်းဖက်သမားများက ပညာမဲ့လူတန်းစားများ ဖြစ်ပေါ်လာစေရန် ရည်ရွယ်၍ ပညာရေးကဏ္ဍမြင့်မားရေးကို နှောင့်ယှက်ဖျက်ဆီး | ၂၈ |
| ၁၄ | ကျောက်တံတားမြို့နယ်အတွင်းရှိ မြို့တော်ခန်းမအား အကြမ်းဖက်သမားများက လက်ပစ်ဗုံးဖြင့်ပစ်ပေါက် | ၃၁ |

# Information Sheet

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ အစည်းအဝေး (၂/၂၀၂၂) ကျင်းပ





ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီအစည်းအဝေး (၂/၂၀၂၂) ကို ဇူလိုင်လ ၃၁ ရက်တွင် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီအစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ခဲ့ပါသည်။

အစည်းအဝေးသို့ ယာယီသမ္မတ ဦးမြင့်ဆွေ၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦး၊ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိုးထွဋ်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ အထူးဖိတ်ကြားထားသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးအောင်လင်းဒွေး၊ တွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးရဲဝင်းဦးတို့ တက်ရောက်ကြပြီး ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ အနေဖြင့် ကျန်းမာရေးအခြေအနေအရ အစည်းအဝေးမတက်ရောက်နိုင်ကြောင်း ခွင့်ပန်ကြားခဲ့ပါသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က အစည်းအဝေး၌ တင်ပြခဲ့သော တင်ပြချက်အပြည့်အစုံအား ၂၀၂၂ ခုနှစ်၊ ဩဂုတ်လ ၁ ရက်နေ့အထူးထုတ် VOLUME II, SPECIAL ISSUE 3 Information Sheet သတင်းလွှာနှင့် Myawady Webportal (http://www.myawady.net.mm) ၊ (https://myanmar.gov.mm)တို့တွင် ဖော်ပြထားရှိပါသည်။

**(မြဝတီသတင်းစာ ၁-၈-၂၀၂၂)**

- **ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီအစည်းအဝေး (၂/၂၀၂၂) ကို ဇူလိုင်လ ၃၁ ရက်တွင် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီအစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ခဲ့။**
- **နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က အစည်းအဝေး၌ တင်ပြခဲ့သော တင်ပြချက်အပြည့်အစုံအား ၂၀၂၂ ခုနှစ်၊ ဩဂုတ်လ ၁ ရက်နေ့အထူးထုတ် VOLUME II, SPECIAL ISSUE 3 Information Sheet သတင်းလွှာနှင့် Myawady Webportal (http://www.myawady.net.mm)၊ (https://myanmar.gov.mm) တို့တွင် ဖော်ပြထားရှိ။**

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ ကြေညာချက်အမှတ် ၂/၂၀၂၂

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီအစည်းအဝေး(၂/၂၀၂၂)ကို ဇူလိုင်လ ၃၁ ရက်တွင် ကျင်းပပြုလုပ်ခဲ့ပြီး ယာယီသမ္မတ အပါအဝင် အစည်းအဝေးတက်ရောက်ခဲ့ကြသည့် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီအဖွဲ့ဝင်များအားလုံးက ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၂၅ နှင့်အညီ နိုင်ငံတစ်ဝန်းလုံး အရေးပေါ်အခြေအနေ ကြေညာထားသည့်ကာလအား ဒုတိယအကြိမ် ခြောက်လသက်တမ်း တိုးမြှင့်ကြောင်းကို တစ်ညီတစ်ညွတ်တည်း ဆုံးဖြတ်ခဲ့ကြပါသည်။

## ထုတ်ပြန်ချက်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ**

**၁၃၈၄ ခုနှစ်၊ ဝါခေါင်လဆန်း ၄ ရက်**

**(၂၀၂၂ ခုနှစ်၊ ဇူလိုင်လ ၃၁ ရက်)**

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီသည် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ အစည်းအဝေးခန်းမ၌ ယနေ့နံနက် ၀၉:၃၀ နာရီတွင် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီအစည်းအဝေးကို ကျင်းပခဲ့သည်။ အစည်းအဝေးတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က နိုင်ငံတစ်ဝန်းလုံးအရေးပေါ်အခြေအနေကြေညာပြီးနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် ၅ ရပ် အကောင်အထည်ဖော်ဆောင်ရွက်နိုင်မှုအခြေအနေများ၊ နိုင်ငံတော်တည်ငြိမ်ရေးနှင့် ရပ်ရွာအေးချမ်းသာယာရေးတို့ကို အလေးထားဆောင်ရွက်ခဲ့သည့်အခြေအနေများ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် တွေ့ဆုံဆွေးနွေးမှုအခြေအနေများ၊ NUG ၏ ညွှန်ကြားစေခိုင်းမှုအရ အဖျက်အမှောင့်လုပ်ငန်းများ လုပ်ဆောင်လျက်ရှိကြသည့် PDF အပါအဝင် အမည်အမျိုးမျိုးဖြင့် လှုပ်ရှားဆောင်ရွက်လျက်ရှိကြသည့် အကြမ်းဖက်အုပ်စုများက တိုင်းဒေသကြီး၊ ပြည်နယ်အချို့တို့တွင် အဖျက်အမှောင့်လုပ်ငန်းများ လုပ်ဆောင်လျက်ရှိသည့် အခြေအနေတို့ကို သုံးသပ်တင်ပြခဲ့ပြီး နိုင်ငံတော်အား အေးချမ်းသာယာ၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်လမ်းကြောင်းပေါ် ပြန်လည်ရောက်ရှိနိုင်ရေးနှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၂၉ အရ ပါတီစုံ ဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို ကျင်းပပေးနိုင်ရေးတို့အတွက် ဆက်လက်ဆောင်ရွက်ပေးရန် အချိန်လိုအပ်လျက်ရှိပါသဖြင့် နိုင်ငံတစ်ဝန်းလုံး အရေးပေါ်အခြေအနေ ကြေညာထားသည့် ကာလအား သက်တမ်းတိုးမြှင့်ပေးပါရန် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၂၅ အရ တင်ပြခဲ့ပါသည်။

၂။ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ တင်ပြချက်အပေါ် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီအဖွဲ့ဝင်များက ထောက်ခံဆွေးနွေးခဲ့ကြသည်။ ယင်းနောက် ယာယီသမ္မတအပါအဝင် အစည်းအဝေးတက်ရောက်ခဲ့ကြသည့် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီအဖွဲ့ဝင်များအားလုံးက ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၂၅ နှင့်အညီ နိုင်ငံတစ်ဝန်းလုံးအရေးပေါ်အခြေအနေ ကြေညာထားသည့်ကာလအား ဒုတိယအကြိမ် ခြောက်လသက်တမ်းတိုးမြှင့်ကြောင်းကို တစ်ညီတစ်ညွတ်တည်း ဆုံးဖြတ်ခဲ့ကြသည်။

၃။ အစည်းအဝေးသို့ ယာယီသမ္မတ ဦးမြင့်ဆွေ၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦး၊ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိုးထွဋ်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ နယ်စပ်ရေးရာဝန်ကြီး

ဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ အထူးဖိတ်ကြားထားသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး အောင်လင်းဒွေး၊ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးရဲဝင်းဦးတို့ တက်ရောက်ခဲ့ကြကြောင်းနှင့် ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူသည် ကျန်းမာရေးကြောင့် ခွင့်ပန်ကြားခဲ့ကြောင်း ထုတ်ပြန်ကြေညာအပ်ပါသည်။

**ပုံ**

**မြင့်ဆွေ**

**ယာယီသမ္မတ**

**(မြဝတီသတင်းစာ ၁-၈-၂၀၂၂)**

- **အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီအစည်းအဝေး (၂/၂၀၂၂) တွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က နိုင်ငံတော်အား အေးချမ်းသာယာ၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် လမ်းကြောင်းပေါ် ပြန်လည်ရောက်ရှိနိုင်ရေးနှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၂၉ အရ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို ကျင်းပပေးနိုင်ရေးတို့အတွက် ဆက်လက်ဆောင်ရွက်ပေးရန် အချိန်လိုအပ်လျက်ရှိပါသဖြင့် နိုင်ငံတစ်ဝန်းလုံး အရေးပေါ်အခြေအနေ ကြေညာထားသည့်ကာလအား သက်တမ်းတိုးမြှင့်ပေးပါရန် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၂၅ အရ တင်ပြခဲ့။**
- **အစည်းအဝေးတွင် ယာယီသမ္မတအပါအဝင် အစည်းအဝေးတက်ရောက်ခဲ့သည့် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီအဖွဲ့ဝင်များအားလုံးက ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၂၅ နှင့်အညီ နိုင်ငံတစ်ဝန်းလုံးအရေးပေါ်အခြေအနေ ကြေညာထားသည့်ကာလအား ဒုတိယအကြိမ် ခြောက်လသက်တမ်းတိုးမြှင့်ကြောင်းကို တစ်ညီတစ်ညွတ်တည်း ဆုံးဖြတ်ခဲ့။**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးအမှတ်စဉ် (၅/၂၀၂၂) သို့ တက်ရောက်အမှာစကားပြောကြား

ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၅/၂၀၂၂)ကို ဇူလိုင်လ ၂၉ ရက်တွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ခဲ့ပြီး အဆိုပါအစည်းအဝေး၌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က အမှာစကားပြောကြားရာတွင်-

- နိုင်ငံရေးနှင့်ပတ်သက်ပြီး မိမိတို့တာဝန်စတင်ယူချိန်မှစ၍ ချမှတ်ဆောင်ရွက်ခဲ့သည့် ရှေ့လုပ်ငန်းစဉ် ၅ ရပ်နှင့် ဦးတည်ချက် ၉ ရပ်တွင် နိုင်ငံရေးအရ ရည်မှန်းချက်ပန်းတိုင်သည် ပါတီစုံဒီမိုကရေစီစနစ်ကျင့်သုံးရေး၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်ရေးပင်ဖြစ်ကြောင်း။
- ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ရလဒ်ကြောင့် နိုင်ငံရေးအရ မတည်ငြိမ်မှုများဖြစ်ပေါ်ခဲ့သဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ တပ်မတော်က တာဝန်ယူဆောင်ရွက်ခဲ့ရကြောင်း။
- မိမိတို့အနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ အတတ်နိုင်ဆုံး ဆောင်ရွက်လျက်ရှိပြီး နိုင်ငံရေးနှင့်ပတ်သက်၍ ထွက်ပေါက်များပေးထားကြောင်း၊ နိုင်ငံမငြိမ်သက်မှုများ ဖြစ်ပေါ်အောင်ဆောင်ရွက်မှုများမှလွဲ၍ ပါတီညီလာခံများ၊ အစည်းအဝေးများနှင့် ပါတီအချင်းချင်းတွေ့ဆုံပွဲများကို ခွင့်ပြုပေးထားကြောင်း၊ ဒီမိုကရေစီဆန်သည့် နိုင်ငံရေးထွက်ပေါက်များ ခွင့်ပြုပေးထားကြောင်း။



- ဒီမိုကရေစီဆိုသည်မှာ တွေ့ဆုံဆွေးနွေးညှိနှိုင်း၍ အများ၏ သဘောတူညီမှုဖြင့်သာ ဆောင်ရွက်ရခြင်းဖြစ်ပြီး ယင်းသည် "ဒီမိုကရေစီယဉ်ကျေးမှု"ဟု ဆိုနိုင်ကြောင်း၊ အဆိုပါ ဒီမိုကရေစီနိုင်ငံရေးယဉ်ကျေးမှုများ ပျက်စီးသွားပါက နိုင်ငံ၏ တည်ငြိမ်မှု ပျက်ပြားသွားမည်ဖြစ်သောကြောင့် ယခုဖြစ်နေသည့် နိုင်ငံရေးအခြေအနေများသည် ရှိနေသည့် နိုင်ငံရေးထွက်ပေါက်များကို မှန်မှန်ကန်ကန် အသုံးမချမှုများကြောင့် ဖြစ်ပေါ်လာခြင်းဖြစ်သည်ကို တွေ့ရှိရကြောင်း။
- နိုင်ငံတော်အနေဖြင့် နိုင်ငံ့ဝန်ထမ်းများကို လစာအပြင် ခံစားခွင့်များတိုးမြှင့်ပေးထားပြီးဖြစ်ကြောင်း၊ နိုင်ငံ့ဝန်ထမ်းများအနေဖြင့် နိုင်ငံ၏တာဝန်ကိုထမ်းဆောင်ရန်ဖြစ်ပြီး နိုင်ငံရေးဆောင်ရွက်ရန်မဟုတ်ဘဲ ပါတီနိုင်ငံရေးကင်းရှင်းရမည်ဖြစ်ကြောင်း၊ နိုင်ငံရေးနှင့်ပတ်သက်၍ နိုင်ငံသားတစ်ဦးအနေဖြင့် လွတ်လပ်စွာ ဆောင်ရွက်ခွင့်ရှိသော်လည်း တည်ဆဲဥပဒေဖြင့် တားမြစ်ထားသည့် သတ်မှတ်ပြဋ္ဌာန်းချက်များကို ချိုးဖောက်၍မရကြောင်း။
- နိုင်ငံတကာဆက်ဆံရေးနှင့်ပတ်သက်၍ ၂၀၁၁ ခုနှစ် ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်သို့ ပြောင်းလဲချိန်တွင် အချို့နိုင်ငံကြီးများက ၎င်းတို့အလိုကျဆောင်ရွက်နိုင်မည့်သူများကို မြန်မာ့နိုင်ငံရေး၏ အရေးပါသည့်နေရာများတွင် ပါဝင်နိုင်ရေး အချိန်ယူစိမ့်ဝင်၍ ရည်ရွယ်ချက်ရှိရှိ ကြံစည်လုပ်ဆောင်ခဲ့သည်ကိုတွေ့ရှိရကြောင်း၊ မြန်မာနိုင်ငံ၏ နိုင်ငံရေးစင်မြင့်ပေါ်တွင် ၎င်းတို့လိုလားသည့်သူများမရှိတော့သည့်အချိန်တွင် ကူညီမှုများအကြောင်းအမျိုးမျိုးပြ၍ ရပ်တန့်သွားခဲ့ကြောင်း။
- ငြိမ်းချမ်းရေးနှင့်ပတ်သက်၍ အစိုးရအနေဖြင့် လက်နက်ကိုင်ပဋိပက္ခဖြစ်နေသည့် ဒေသများရှိ တိုင်းရင်းသားများ၏ နေထိုင်စားသောက်ရေးအတွက် ဆောင်ရွက်ပေးမည်ဆိုပါက တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ ဖြစ်လိုသည်များကို ဥပဒေဘောင်အတွင်းမှ ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း။
- ငြိမ်းချမ်းရေးဆွေးနွေးချိန်တွင် မိမိတို့၏ အမျိုးသားရေးရည်မှန်းချက်နှင့် နိုင်ငံရေးရည်မှန်းချက်များကို ရှင်းလင်းပြောကြားခဲ့ပြီး အပြုသဘောဆောင်သည့် ဆွေးနွေးမှုများကို ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ အမျိုးသားရေးရည်မှန်းချက်အနေဖြင့် တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာပေါများရေးပင်ဖြစ်သည်ကို ပြောကြားခဲ့ကြောင်း။
- မိမိတို့၏ နိုင်ငံရေးဦးတည်ချက်တွင် နိုင်ငံရေးထွက်ပေါက်များပေးထားပြီး အဆိုပါနိုင်ငံရေးထွက်ပေါက်များကို အသုံးချ၍ ငြိမ်းချမ်းရေးရရှိအောင် ကြိုးပမ်းဆောင်ရွက်ရန်လိုကြောင်း။
- စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးနှင့်ပတ်သက်၍ ယခင်အစိုးရလက်ထက်တွင် ပြည်တွင်းထုတ်ကုန်များ အားပေးမှုမရှိခဲ့ဘဲ သွင်းကုန်သာဦးစားပေးခဲ့ကြောင်း၊ နိုင်ငံစီးပွားရေး ပြန်လည်ဦးမော့လာစေရေး မိမိတို့အစိုးရအနေဖြင့် ကြိုးပမ်းဆောင်ရွက်နေကြောင်း။
- ပြည်တွင်းစီးပွားရေးဖွံ့ဖြိုးတိုးတက်ရန်အတွက် ပြည်တွင်းကုန်ထုတ်လုပ်မှုများ တိုးတက်အောင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ပြည်တွင်းထုတ်ကုန်များအရည်အသွေးကောင်းမွန်ရန်နှင့် ကုန်ထုတ်လုပ်မှုများ အားကောင်းအောင် အားပေးဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ကိုဗစ်ကြောင့် ကျဆင်းသွားသည့်စီးပွားရေးကို ကုစားနိုင်ရန် ကျပ်ဘီလီယံ ၄၀၀ မတည်၍ ဆောင်ရွက်လျက်ရှိကြောင်း။

- ပို့ကုန်သွင်းကုန်နှင့်ပတ်သက်၍ နယ်စပ်စခန်းများမှတင်ပို့မှုတွင် အစိုးရနှင့် ပုဂ္ဂလိကအနေဖြင့် ၈ ဘီလီယံကျော်ခန့်ရှိပြီး အစိုးရမှတင်ပို့မှုက ပုဂ္ဂလိကတင်ပို့မှုထက် များနေကြောင်း၊ မိမိတို့အနေဖြင့် SME လုပ်ငန်းများကို အားပေးရန်အတွက် လိုအပ်နေသေးသည်ကိုတွေ့ရှိရကြောင်း။
- ပညာရေးကဏ္ဍနှင့်ပတ်သက်၍ ဇွန်လ ၂ ရက်ကစ၍ ပညာရေးကျောင်းများအားလုံးကို ဖွင့်လှစ်လိုက်ကြောင်း၊ တက္ကသိုလ်တွေလည်း ပုံမှန်သင်တန်းတွေ အကုန်လုံးဖွင့်ကြောင်း၊ အခြေခံပညာမှာ ၉ ဒသမ ၅ သန်းခန့် ကျောင်းတက်မယ်လို့ ခန့်မှန်းကြောင်း၊ နောက်ဆုံးအချိန်မှာ ၇ ဒသမ ၂ သန်းကျော် အေးအေးချမ်းချမ်းဖြင့် ကျောင်းတက်နေကြကြောင်း။
- နိုင်ငံတစ်ခုတွင် ပညာရေးမြှင့်တင်မှုသည် အရေးပါကြောင်း၊ ပညာရေးမမြှင့်တင်ရင် တိုင်းပြည်တိုးတက်မှုမရှိနိုင်ကြောင်း၊ မိမိတို့ဆန်းစစ်ချက်များအရ ပညာရေးသည် နိမ့်ပါးသည်ကို တွေ့ရှိရပြီး တော်တော်ကို စိတ်မကောင်းစရာဖြစ်ကြောင်း၊ မြန်မာနိုင်ငံ၏ လူဦးရေတစ်ဝက်ကျော်ခန့်သည် အခြေခံပညာအလယ်တန်းနှင့် အောက်မှာပဲရှိကြောင်း၊ ပညာရေးမြှင့်တင်မှု မလုပ်နိုင်ခဲ့ပါက ပညာရေးကို အခြေခံ၍ အတတ်ပညာကို အခြေခံသည့် စီးပွားရေးလုပ်ငန်းများသည် မည်သို့မျှခေတ်မီစရာအကြောင်း မရှိကြောင်း။
- အစွရေးနိုင်ငံသည် စိုက်ပျိုးရေး၊ မွေးမြူရေး၊ နည်းပညာများ ကောင်းသည်ဆိုသည်မှာ ပညာတတ်များ ပေါ်ခြင်းကြောင့်ဖြစ်ကြောင်း၊ စီးပွားရေးကောင်းခြင်းကြောင့် ဝင်ငွေရှိပြီး ဝင်ငွေရှိခြင်းကြောင့် ပြည့်ပြည့်ဝဝ စားနိုင်ကာ ပြည့်ပြည့်ဝဝ စားနိုင်ခြင်းကြောင့် ကိုယ်ခံစွမ်းအားများကောင်းကြောင်း၊ ထိုအကြောင်းအရာအပေါ် အခြေခံ၍ ကျန်းမာရေးနှင့် အားကစားကို စနစ်တကျလုပ်သည့်အခါတွင် ၎င်းတို့ဉာဏ်ရည်က မိမိတို့ သာမာန်ဖွံ့ဖြိုးဆဲ နိုင်ငံတစ်ခုထက် သာတာကို တွေ့ရှိရကြောင်း။
- ပညာရေးကောင်းချင်လျှင် ပညာရေးတစ်ခုတည်းကို မိမိတို့အစိုးရအနေဖြင့် အားထည့်နေ၍မရဘဲ ပြည်သူပြည်သားအားလုံး၏ လူမှုဘဝစီးပွားကို တိုးတက်အောင် လုပ်ပေးမှရမှာဖြစ်ကြောင်း၊ ပညာရေးမြှင့်တင်မှုအပိုင်းသည် ပညာရေးဝန်ကြီးဌာနတစ်ခုတည်းနှင့်သာ ဆိုင်သည်မဟုတ်ဘဲ အားလုံးနှင့် သက်ဆိုင်ကြောင်း။
- ကိုဗစ်-၁၉ နှင့်ပတ်သက်၍ မြန်မာနိုင်ငံတွင် ပြည်ပမှ ပြန်လည်ဝင်ရောက်သူများမှ ဖြစ်ပွားမှုပိုများသဖြင့် ကိုဗစ်-၁၉ ရောဂါစစ်ဆေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ကိုဗစ်-၁၉ ရောဂါနှင့်ပတ်သက်သည့် ကန့်သတ်ချက်များကို လျှော့ချပေးထားသော်လည်း ရောဂါကူးစက်မှုနှုန်းပြန်လည်မြင့်မားလာနိုင်ချေရှိသဖြင့် မပေါ့ဆရန်လိုကြောင်း။
- ကိုဗစ်ကာကွယ်ဆေးအနေဖြင့် သန်း ၈၀ ခန့် လက်ခံရရှိခဲ့ပြီး ၇၂ သန်းခန့်ထိုးနှံပြီးဖြစ်ကြောင်း၊ ပညာရေးနှင့် ကျန်းမာရေးသည် နိုင်ငံတိုးတက်ရေးအတွက် များစွာအထောက်အကူဖြစ်စေကြောင်း၊ မိမိအနေဖြင့် "ရှေ့သို့ချီ" Moving Forward ဆိုသည့်အတိုင်း နိုင်ငံတိုးတက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။


အစည်းအဝေးသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း နှင့် ပြည်ထောင်စုဝန်ကြီးများ တက်ရောက်ခဲ့ကြပါသည်။

**(မြဝတီသတင်းစာ ၁၀-၇-၂၀၂၂)**

- **နိုင်ငံရေးအရ ရည်မှန်းချက်ပန်းတိုင်သည် ပါတီစုံဒီမိုကရေစီစနစ်ကျင့်သုံးရေး၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်ရေးပင်ဖြစ်။**
- **ယခုဖြစ်နေသည့် နိုင်ငံရေးအခြေအနေများသည် ရှိနေသည့် နိုင်ငံရေးထွက်ပေါက်များကို မှန်မှန်ကန်ကန် အသုံးမချမှုများကြောင့် ဖြစ်ပေါ်လာခြင်းဖြစ်။**
- **နိုင်ငံတော်အနေဖြင့် နိုင်ငံ့ဝန်ထမ်းများကို လစာအပြင် ခံစားခွင့်များတိုးမြှင့်ပေးထားပြီးဖြစ်၊ နိုင်ငံ့ဝန်ထမ်းများအနေဖြင့် နိုင်ငံ၏တာဝန်ကိုထမ်းဆောင်ရန်ဖြစ်ပြီး နိုင်ငံရေးဆောင်ရွက်ရန်မဟုတ်ဘဲ ပါတီနိုင်ငံရေးကင်းရှင်းရမည်ဖြစ်၊ နိုင်ငံရေးနှင့်ပတ်သက်၍ နိုင်ငံသားတစ်ဦးအနေဖြင့် လွတ်လပ်စွာ ဆောင်ရွက်ခွင့်ရှိသော်လည်း တည်ဆဲဥပဒေဖြင့် တားမြစ်ထားသည့် သတ်မှတ်ပြဋ္ဌာန်းချက်များကို ချိုးဖောက်၍မရ။**

- နိုင်ငံတကာဆက်ဆံရေးနှင့်ပတ်သက်၍ ၂၀၁၁ ခုနှစ် ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်သို့ လျှောက်လှမ်းချိန်တွင် အချို့နိုင်ငံကြီးများက ၎င်းတို့အလိုကျဆောင်ရွက်နိုင်မည့်သူများကို မြန်မာ့နိုင်ငံရေး၏ အရေးပါသည့်နေရာများတွင် ပါဝင်နိုင်ရေး အချိန်ယူစိမ့်ဝင်၍ ရည်ရွယ်ချက်ရှိရှိ ကြံစည်လုပ်ဆောင်ခဲ့သည်ကို တွေ့ရှိရ။
- မိမိတို့၏ နိုင်ငံရေးဦးတည်ချက်တွင် နိုင်ငံရေးထွက်ပေါက်များပေးထားပြီး အဆိုပါနိုင်ငံရေးထွက်ပေါက်များကို အသုံးချ၍ ငြိမ်းချမ်းရေးရရှိအောင် ကြိုးပမ်းဆောင်ရွက်ရန်လို။
- ပညာရေးကောင်းချင်လျှင် ပညာရေးတစ်ခုတည်းကို မိမိတို့အစိုးရအနေဖြင့် အားထည့်နေ၍မရဘဲ ပြည်သူပြည်သား အားလုံး၏ လူမှုဘဝစီးပွားကို တိုးတက်အောင် လုပ်ပေးမှရမှာဖြစ်၊ ပညာရေးမြှင့်တင်မှုအပိုင်းသည် ပညာရေး ဝန်ကြီးဌာနတစ်ခုတည်းနှင့်သာဆိုင်သည်မဟုတ်ဘဲ အားလုံးနှင့်သက်ဆိုင်။
- ပညာရေးနှင့် ကျန်းမာရေးသည် နိုင်ငံတိုးတက်ရေးအတွက် များစွာအထောက်အကူဖြစ်၊ မိမိအနေဖြင့် "ရှေ့သို့ချီ" Moving Forward ဆိုသည့်အတိုင်း နိုင်ငံတိုးတက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု ကော်မတီအစည်းအဝေး (၁/၂၀၂၂) သို့ တက်ရောက်အမှာစကားပြောကြား

အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု ကော်မတီအစည်းအဝေး (၁/၂၀၂၂) ကို ဇူလိုင်လ ၂၈ ရက်တွင် နေပြည်တော်ရှိ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၌ ကျင်းပခဲ့ပြီး အဆိုပါအခမ်းအနား၌ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု ကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယ ဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းက အမှာစကားပြောကြားရာတွင်-

- ကမ္ဘာပေါ်တွင် ပြောင်းလဲဖြစ်ပေါ်လာနေသည့် သဘာဝဘေး အန္တရာယ်များ၏ သဘောသဘာဝများကို မျက်ခြည်မပြတ် လေ့လာနေရန်လိုအပ်သကဲ့သို့ မြန်မာနိုင်ငံတွင် ဖြစ်ပေါ်နိုင်သည့် ဘေးအန္တရာယ်များကို ရာသီကာလအလိုက်၊ ဒေသအလိုက် ခန့်မှန်းပြီး မိမိတို့တွင်ရှိပြီးဖြစ်သော ရရှိနိုင်သော စွမ်းအားအရင်းအမြစ်များဖြင့် ရင်ဆိုင်တုံ့ပြန်နိုင်မည့် အကောင်းဆုံးသောအစီအမံများကို အမြဲတစေ ကြိုတင်ပြင်ဆင်ဆောင်ရွက်ရန် လိုအပ်ကြောင်း။
- သဘာဝဘေးတုံ့ပြန်ရေးဆိုင်ရာစီမံချက်ပါအတိုင်း ကြိုတင်ပြင်ဆင်စုဖွဲ့ခြင်း၊ ဇာတ်တိုက်လေ့ကျင့်ခြင်း၊ အသိပညာပေးခြင်းများ ဆောင်ရွက်ရန်နှင့် သဘာဝဘေးဖြစ်ပွားလာပါက အန္တရာယ်ကို ကျော်လွှားနိုင်ရန် သဘာဝဘေးစီမံခန့်

ခွဲမှုအဖွဲ့များ၊ ပြည်သူလူထု၊ အထောက်အကူပြုပရဟိတအဖွဲ့များအားလုံး ပူးပေါင်းဆောင်ရွက်နိုင်ရေး ကြိုတင်စီမံဆောင်ရွက်ထားကြရမည်ဖြစ်ကြောင်း။

- မိမိတို့တွင်ရှိပြီးဖြစ်သည့် လူစွမ်းအားအရင်းအမြစ်၊ အခြေခံအဆောက်အဦ၊ အသုံးပြုနိုင်မည့်ပစ္စည်းကိရိယာများကို ဖော်ထုတ်သိရှိပြီး လိုအပ်သလို ထုတ်နုတ်သုံးစွဲနိုင်ရမည်ဖြစ်သကဲ့သို့ သဘာဝဘေးအန္တရာယ်ကို တုံ့ပြန်နိုင်မည့် စွမ်းအားစုများ အမြဲအဆင့်သင့်ဖြစ်နေစေရေး ဆောင်ရွက်ထားပြီး လိုအပ်ချက်များရှိပါက ဖြည့်ဆည်းဆောင်ရွက်ထားရန်နှင့် လူအင်အား၊ ပစ္စည်းအင်အားများကို ထိထိရောက်ရောက် အသုံးပြုနိုင်ရန် စီမံဆောင်ရွက်ထားကြရမည်ဖြစ်ကြောင်း။
- နှစ်စဉ် အောက်တိုဘာလ ၁၃ ရက်တွင် အပြည်ပြည်ဆိုင်ရာသဘာဝဘေးအန္တရာယ် ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးနေ့အထိမ်းအမှတ်အခမ်းအနားကို ကျင်းပလျက်ရှိရာ ၂၀၂၁ ခုနှစ်တွင် **"ဒို့ကမ္ဘာမြေကို ထိန်းသိမ်းဖို့၊ တွဲလက်ခိုင်မာ ပူးပေါင်းစို့"** ခေါင်းစဉ်ဖြင့် ကျင်းပခဲ့ပြီး ၂၀၂၂ ခုနှစ်တွင်လည်း အလားတူ အထိမ်းအမှတ်အခမ်းအနားကို အောင်မြင်စွာကျင်းပပြီး ပြည်သူများသဘာဝဘေး အသိပညာများတိုးပွားလာနိုင်စေရေးနှင့် သဘာဝဘေးလျှော့ပါးရေးလုပ်ငန်းများတွင် ပူးပေါင်းပါဝင်လာနိုင်စေရန် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။
- ၂၀၀၈ ခုနှစ် နာဂစ်မုန်တိုင်းတုံ့ပြန်ဆောင်ရွက်မှုမှ ရရှိခဲ့သည့် အတွေ့အကြုံများကို အခြေခံရေးဆွဲထားသည့် ၂၀၂၂ ခုနှစ် သဘာဝဘေးစီမံခန့်ခွဲမှုအတွက် တည်မြဲအမိန့် (မူကြမ်း)ကို ယနေ့အစည်းအဝေးတွင် ဆွေးနွေးအတည်ပြုပြီးပါက ပုံနှိပ်ထုတ်ဝေနိုင်ရေး ဆက်လက်ဆောင်ရွက်ကာ သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းအသီးသီးသို့ ဆက်လက်ဖြန့်ဝေ စတင်အသုံးပြုဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။
- သဘာဝဘေးစီမံခန့်ခွဲမှုလုပ်ငန်းများသည် တစ်ဦး၊ တစ်ယောက်ချင်း အဖွဲ့အစည်းတစ်ခုချင်း ဆောင်ရွက်နိုင်သည့် လုပ်ငန်းများမဟုတ်ဘဲ အားလုံးပေါင်းစည်းဆောင်ရွက်ရသည့်လုပ်ငန်းများဖြစ်၍ ချိတ်ဆက်ဆောင်ရွက်နိုင်မှု၊ တာဝန်ခွဲဝေယူမှုနှင့် ပူးပေါင်းဆောင်ရွက်နိုင်မှုများ အားကောင်းနေရန်လိုကြောင်း ပြောကြားခဲ့ပါသည်။

အစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များနှင့် တာဝန်ရှိသူများက ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်ခဲ့ကြပါသည်။

**(မြဝတီသတင်းစာ ၂၉-၇-၂၀၂၂)**

- **ကမ္ဘာပေါ်တွင် ပြောင်းလဲဖြစ်ပေါ်လာနေသည့် သဘာဝဘေးအန္တရာယ်များ၏ သဘောသဘာဝများကို မျက်ခြည်မပြတ် လေ့လာနေရန်လိုအပ်သကဲ့သို့ မြန်မာနိုင်ငံတွင် ဖြစ်ပေါ်နိုင်သည့် ဘေးအန္တရာယ်များကို ရာသီကာလအလိုက်၊ ဒေသအလိုက် ခန့်မှန်းပြီး မိမိတို့တွင် ရှိပြီးဖြစ်သော ရရှိနိုင်သောစွမ်းအားအရင်းအမြစ်များဖြင့် ရင်ဆိုင်တုံ့ပြန်နိုင်မည့် အကောင်းဆုံးသောအစီအမံများကို အမြဲတစေ ကြိုတင်ပြင်ဆင်ဆောင်ရွက်ရန်လိုအပ်။**
- **၂၀၀၈ ခုနှစ် နာဂစ်မုန်တိုင်းတုံ့ပြန်ဆောင်ရွက်မှုမှ ရရှိခဲ့သည့် အတွေ့အကြုံများကို အခြေခံရေးဆွဲထားသည့် ၂၀၂၂ ခုနှစ် သဘာဝဘေးစီမံခန့်ခွဲမှုအတွက် တည်မြဲအမိန့်(မူကြမ်း)ကို ယနေ့အစည်းအဝေးတွင် ဆွေးနွေးအတည်ပြုပြီးပါက ပုံနှိပ်ထုတ်ဝေနိုင်ရေး ဆက်လက်ဆောင်ရွက်ကာ သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းအသီးသီးသို့ ဆက်လက်ဖြန့်ဝေ စတင်အသုံးပြုဆောင်ရွက်သွားကြရမည်ဖြစ်။**
- **သဘာဝဘေးစီမံခန့်ခွဲမှုလုပ်ငန်းများသည် တစ်ဦး၊ တစ်ယောက်ချင်း အဖွဲ့အစည်းတစ်ခုချင်း ဆောင်ရွက်နိုင်သည့် လုပ်ငန်းများမဟုတ်ဘဲ အားလုံးပေါင်းစည်းဆောင်ရွက်ရသည့် လုပ်ငန်းများဖြစ်၍ ချိတ်ဆက်ဆောင်ရွက်နိုင်မှု၊ တာဝန်ခွဲဝေယူမှုနှင့် ပူးပေါင်းဆောင်ရွက်နိုင်မှုများ အားကောင်းနေရန်လို။**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ၊ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ပြင်ဦးလွင်မြို့နယ်အတွင်းရှိ ရေဘေးသင့်ပြည်သူများအား တွေ့ဆုံအားပေးစကားပြောကြားပြီး ကူညီထောက်ပံ့ရေးပစ္စည်းများပေးအပ်



အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား တာဝန်ရှိသူများက ရေကြီးရေလျှံမှုဖြစ်ပွားခဲ့မှုနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြနေမှု

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းသည် တာဝန်ရှိသူများလိုက်ပါ၍ ဇူလိုင် ၃၁ ရက်တွင် မိုးသည်းထန်စွာရွာသွန်းမှုများကြောင့် ရေကြီးရေလျှံမှုများဖြစ်ပေါ်ခဲ့သည့် ပြင်ဦးလွင်မြို့နယ်အတွင်းရှိ ရေဘေးသင့်ပြည်သူများအား သွားရောက်တွေ့ဆုံအားပေးစကားပြောကြားခဲ့ပါသည်။

ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့် အဖွဲ့ဝင်များအား ပြင်ဦးလွင်မြို့ တပ်နယ်ခန်းမ၌ တပ်နယ်မှူး ဗိုလ်မှူးချုပ် ဇော်မင်းလတ်၊ မြို့တော်ဝန် ဦးကျော်ဆန်းတို့က ပြင်ဦးလွင်မြို့နယ်အတွင်း မိုးသည်းထန်စွာ ရွာသွန်းခဲ့မှု၊ ဂဲလောင်းချောင်း ရေကြီးရေလျှံဖြစ်ပွားခဲ့မှု၊ ပျက်စီးဆုံးရှုံးမှုများ၊ ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုစသည့် အခြေအနေများအား ပါဝါပွိုင့်များဖြင့် ရှင်းလင်းတင်ပြကြရာ တင်ပြချက်များအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌက–

- ပြင်ဦးလွင်မြို့ပေါ် ရပ်ကွက်ကြီး ၂၁ ခုအနက် ၉ ခု ရေလွှမ်းမိုးမှုဖြစ်ပေါ်ခဲ့ရာ ရေကျချိန်ကျန်ရှိခဲ့သည့် အမှိုက်သရိုက်နှင့် အနယ်အနှစ်များကို အမြန်ဆုံးရှင်းလင်းနိုင်ရေး မြို့နေပြည်သူများနှင့် ဌာနဆိုင်ရာများ ပူးပေါင်းဆောင်ရွက်ရမည့် အခြေအနေများ။
- မြို့ဧရိယာအတွင်း ဂဲလောင်းချောင်းစီးဆင်းရာ ၂ မိုင်ခွဲအပါအဝင် BE FALL အထိ ၇ မိုင်အရှည်အား တပ်မတော်သားများနှင့် ပူးပေါင်းကာ ရေစီးရေလာကောင်းမွန်စေရေး ဆောင်ရွက်ရမည့် အခြေအနေများ။
- ရေကြီးမှုကြောင့် ပျက်စီးခဲ့သည့် ကျောင်း၊ ဆေးရုံ၊ ခြံစည်းရိုးများနှင့် နေအိမ်အချို့အတွက် ကယ်ဆယ်ရေးနှင့် ပြန်လည်ပြုပြင်ရေး အမြန်ဆုံးဆောင်ရွက်ရမည့် အခြေအနေများ၊ ကူညီကယ်ဆယ်ရေးလုပ်ငန်းအတွက် လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန



**အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ရေကြီးရေလျှံမှုကြောင့် ပျက်စီးမှုများဖြစ်ပွားခဲ့သည့် ပွဲကောက်ရေတံခွန် (BEFALL)အား သွားရောက်ကြည့်ရှုစစ်ဆေးနေမှု**

က သတ်မှတ်ထားသောနှုန်းထားဖြင့် ထောက်ပံ့ပေးရန် လုပ်ဆောင်ရမည့်အခြေအနေများအား မှာကြားဆောင်ရွက်ပေးခဲ့ပါသည်။

အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် ရေကြီးရေလျှံဖြစ်ပွားမှုကြောင့် ပျက်စီးမှုများဖြစ်ပွားခဲ့သည့် ပွဲကောက်ရေတံခွန် (BEFALL)၊ ကန်တော်လေးရေထွက်ပေါက်၊ ရေထိန်းတံခါး၊ ကန်တော်ကြီးအမှတ် ၄ ကန်နှင့် မြို့ပေါ်ရပ်ကွက်များအား လိုက်လံကြည့်ရှုကြပြီး ပြင်ဦးလွင်မြို့အားကစားခန်းမ၌ ရေကြီးနစ်မြုပ်ဒဏ်ခံရသည့် ရေဘေးသင့်ပြည်သူ ၂၅၀ ဦးခန့်အား တွေ့ဆုံ၍ အားပေးစကားပြောကြားခဲ့ပါသည်။ ထိုသို့အားပေးစကားပြောကြားရာတွင်-

- ယခုဖြစ်ပေါ်မှုသည် ပြင်ဦးလွင်မြို့တွင် နှစ်ပေါင်း ၃၀ အတွင်း စံချိန်တင် မိုးရွာသွန်းမှုဖြစ်ပေါ်ခဲ့၍ ၈ နာရီခန့်အတွင်း မိုးရေချိန် ၁၀ ဒသမ ၄၇ လက်မအထိ ရွာသွန်းခဲ့ခြင်းဖြစ်ကြောင်း။
- မိမိအနေဖြင့် နိုင်ငံတော်ဝန်ကြီးချုပ်ကိုယ်စား လာရောက်ခြင်းဖြစ်ပြီး တစ်ဖက်တွင်လည်း သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌအနေဖြင့် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဖြေရှင်းဆောင်ရွက်ပေးရန် လာရောက်ခြင်းဖြစ်ကြောင်း။
- ရာသီဥတုနှင့် သဘာဝဘေးအန္တရာယ်သည် မျှော်မှန်းရန်ခက်ခဲ၍ အစိုးမရသော်လည်း၊ မိမိတို့အစိုးရအနေဖြင့် ဖြစ်ပေါ်လာနိုင်သော သဘာဝဘေးအန္တရာယ်အမျိုးမျိုးအတွက် အကောင်းဆုံးရင်ဆိုင်ကျော်လွှားနိုင်ရန် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိပါကြောင်း။
- ဇူလိုင်လ ၃၁ ရက် နံနက်ပိုင်းတွင် ဖြစ်ပွားခဲ့သည့် ဂဲလောင်းချောင်းရေကြီးမှုသည် အိုးအိမ်အချို့နှင့် အုပ်ချုပ်မှု၊ ကျောင်းတို့၏ ခြံစည်းရိုးအချို့ ထိခိုက်ပျက်စီးခဲ့ပြီး လူဦးရေ ၄၀၀ ကျော်ခန့်ကို ကယ်ဆယ်ရေးစခန်းများသို့ ပြောင်းရွှေ့ကယ်ဆယ်ပေးခဲ့ရကြောင်း။
- ဂဲလောင်းချောင်း ရေကြီးရေလျှံမှုကို ဇူလိုင် ၃၁ ရက်မှ သြဂုတ် ၁ ရက် နံနက် ၉ နာရီအထိ အချိန်တိုအတွင်း မူလအခြေအနေရောက်ရှိအောင် ဆောင်ရွက်နိုင်မှုသည် တာဝန်ရှိဌာနဆိုင်ရာများ ပေါင်းစပ်၍ ကန်တော်ကြီး၊ ကန်တော်လေးရေလှောင်တမံများ စနစ်တကျ ရေထိန်းသိမ်းမှု၊ ရေပိုလွှဲစနစ်များကောင်းမွန်မှုနှင့် ဂဲလောင်းချောင်းအား ရေစီးရေလာကောင်းမွန်အောင် ကြိုတင်ဆောင်ရွက်ထားမှုတို့ကြောင့် ဖြစ်ကြောင်း။
- အလားတူ တပ်မတော်နှင့် မြို့နေပြည်သူများပူပေါင်း၍ ချောင်း၊ မြောင်းများပိတ်ဆို့မှုများကို အပါတ်စဉ် စုပေါင်းရှင်းလင်းခဲ့မှုကြောင့် ရရှိခဲ့သည့် အကျိုးတရားပင်ဖြစ်ကြောင်း။
- လက်ရှိဖြစ်ပေါ်ခဲ့သည့် ရေကြီးရေလျှံမှု၏ နောက်ဆက်တွဲကယ်ဆယ်ရေးလုပ်ငန်းများနှင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို မြို့နယ်အဆင့်မှ တိုင်းဒေသကြီးအဆင့်အထိ ဆောင်ရွက်နိုင်သည်များကို ချက်ခြင်းဆောင်ရွက်



**အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ရေကြီးရေလျှံဖြစ်ပွားခဲ့သည့် ကန်တော်လေးအား သွားရောက်ကြည့်ရှုစစ်ဆေးနေမှု**

ပေးရန်လိုပြီး အခက်အခဲရှိသည်များကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသို့ တင်ပြဆောင်ရွက်သွားရန်လိုကြောင်း။

- ယခုကဲ့သို့ မျှော်လင့်မထားသော သဘာဝဘေးအန္တရာယ်အား ဆုံးရှုံးမှုအနည်းဆုံးဖြင့် အချိန်တိုအတွင်း ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ကောင်းမွန်စွာ ဆောင်ရွက်နိုင်မှုသည် အုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ လုံခြုံရေးအဖွဲ့များ၊ လူမှုရေးအသင်းအဖွဲ့များနှင့် မြို့နေပြည်သူလူထု၏တက်ညီလက်ညီပူးပေါင်း ဆောင်ရွက်နိုင်မှုကြောင့်ပင်ဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ၊ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌက ရေဘေးသင့်ပြည်သူများအတွက် ထောက်ပံ့ငွေများကိုလည်းကောင်း၊ တိုင်းဒေသကြီး ဝန်ကြီးချုပ်က သဘာဝဘေးအန္တရာယ်ဆိုင်ရာ ကယ်ဆယ်ရေးပစ္စည်းများကိုလည်းကောင်းပေးအပ်ရာ တာဝန်ရှိသူများက လက်ခံရယူခဲ့ကြပါသည်။

ပြင်ဦးလွင်မြို့တွင် ဇူလိုင်လ ၃၁ ရက်နေ့ နံနက် ၂ နာရီမှ ၁၀ နာရီအထိ မိုးရွာသွန်းခဲ့ရာ မိုးရေချိန် ၁၀ ဒသမ ၄၇ လက်မရှိခဲ့ပြီး နှစ်ပေါင်း ၃၀ အတွင်း စံချိန်တင် ရွာသွန်းခဲ့ခြင်းဖြစ်ကြောင်း၊ မိုးရွာသွန်းမှုကြောင့် ဂဲလောင်းချောင်းမှာ ရေကြီးမှုဖြစ်ပေါ်ခဲ့၍ ရပ်ကွက် ၂၁ ခု တွင် ရပ်ကွက် ၉ ခုမှာ ရေကြီးမှုဖြစ်ပေါ်ခဲ့ပြီး အချို့ရပ်ကွက်များတွင် ၄ ပေ အနက်ခန့်ထိရှိကာ အိမ်များအတွင်း ရေဝင်ရောက်ခဲ့ကြောင်း၊ ဂဲလောင်းချောင်းသည် ၇ မိုင် ရှည်လျားကာ မြို့ရှိယာအတွင်း ၂ မိုင်ခွဲခန့်ဖြတ်သန်းစီးဆင်းလျက်ရှိကာ မြို့အတွက် အရေးပါသောချောင်းဖြစ်၍ ရေကြီးရေလျှံမှုများ မဖြစ်စေရေးနှင့် ရေစီး၊ ရေလာကောင်းမွန်စေရေး မြို့ပေါ် ၂ မိုင်ခွဲအား ၁၀ ပေ အကျယ်၊ ၁၀ ပေအနက် ကျောက်စီမြောင်းအဖြစ် ပြုပြင်စေခဲ့ခြင်းဖြစ်ကြောင်း၊ အဆိုပါ ဂဲလောင်းချောင်းမှာ ပြင်ဦးလွင်မြို့ရှိ ကန်တော်ကြီး၊ ကန်တော်လေး ရေလှောင်တမံတို့မှ ပိုလျှံရေစီးဆင်းသည့် ချောင်းဖြစ်ကြောင်း၊ ကန်တော်လေးရေလှောင်တမံ၏ ယခင်ရေပိုလွှဲစနစ် Spill Way မှာ ၇ ပေအကျယ်၊ ၂ ပေအနက် ရေထိန်းတံခါးလည်း ၃ ပေါက်ဖြစ်ကာ ပိုလျှံရေ 210 Cubit-sec ထွက်ရှိရာမှ 525 Cubit-sec အထိ ရေပိုလွှဲနိုင်သည့် ၇ ပေအကျယ်၊ ၅ ပေအနက် ရေထိန်းတံခါး ၃ ပေါက်အဖြစ် ပြန်လည်ပြင်ဆင်ဆောင်ရွက်ခဲ့မှုကြောင့် ယခုကဲ့သို့ မိုးများသည့် အခြေအနေတွင် ကန်တော်လေးရေလှောင်တမံမှာ ကျိုးပေါက်မှုမရှိခဲ့ခြင်းဖြစ်ကြောင်း၊ ယခင် 210 Cubit-sec နှင့်သာ ထားရှိပါက တမံကျိုးပေါက်နိုင်ပြီး ကျိုးပေါက်မှုကြောင့် ပြင်ဦးလွင်မြို့၏ ဆုံးရှုံးမှုအန္တရာယ်မှာ လွန်စွာကြီးမားနိုင်ကြောင်း၊ ယခုကဲ့သို့ ရေထိန်းတံခါးပြုပြင်နိုင်မှုကြောင့် ရေဝင်ဧရိယာ ပိုမိုရရှိကာ ရေထိန်းနိုင်မှာဖြစ်သလို ကန်တော်ကြီးရေလှောင်တမံ ၄ ခုသို့ ဝင်ရောက်လာသည့် ရေများကိုလည်း မလျှော့အောင် ထိန်းသိမ်းနိုင်သည့် အခြေအနေဖြစ်ကြောင်း သိရှိရပါသည်။

ဆက်လက်၍လည်း ရေကြီးရေလျှံသည့် ရပ်ကွက်များမှ ပြည်သူများ၊ အစိုးရအဖွဲ့၊ လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာဝန်ထမ်းများ ပူးပေါင်း၍ ရပ်ကွက်အလိုက် သန့်ရှင်းသာယာလှပရေး ဝိုင်းဝန်းဆောင်ရွက်လျက်ရှိကြောင်း သိရှိရပါသည်။

( မြဝတီရုပ်မြင်သံကြား ၁-၈-၂၀၂၂)




အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား တာဝန်ရှိသူများက ရေကြီးရေလျှံမှုဖြစ်ပွားခဲ့မှုနှင့်ပတ်သက်၍ Power Point Slide များဖြင့် ရှင်းလင်းတင်ပြနေမှု

- နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ၊ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် တာဝန်ရှိသူများလိုက်ပါ၍ ဇူလိုင် ၃၁ ရက်တွင် မိုးသည်းထန်စွာ ရွာသွန်းမှုများကြောင့် ရေကြီးရေလျှံမှုများဖြစ်ပေါ်ခဲ့သည့် ပြင်ဦးလွင်မြို့နယ်အတွင်းရှိ ရေဘေးသင့်ပြည်သူများအား သွားရောက်တွေ့ဆုံအားပေးစကားပြောကြားခဲ့။
- ပြင်ဦးလွင်မြို့ပေါ် ရပ်ကွက်ကြီး ၂၁ ခုအနက် ၉ ခု ရေလွှမ်းမိုးမှုဖြစ်ပေါ်ခဲ့ရာ ရေကျချိန်ကျန်ရှိခဲ့သည့် အမှိုက်သရိုက်နှင့် အနယ်အနှစ်များကို အမြန်ဆုံးရှင်းလင်းနိုင်ရေး မြို့နေပြည်သူများနှင့် ဌာနဆိုင်ရာများ ပူးပေါင်းဆောင်ရွက်ရမည့် အခြေအနေများ။
- ရေကြီးမှုကြောင့် ပျက်စီးခဲ့သည့် ကျောင်း၊ ဆေးရုံ၊ ခြံစည်းရိုးများနှင့် နေအိမ်အချို့အတွက် ကယ်ဆယ်ရေးနှင့် ပြန်လည်ပြုပြင်ရေး အမြန်ဆုံးဆောင်ရွက်ရမည့် အခြေအနေများအား မှာကြားဆောင်ရွက်ပေးခဲ့။
- ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် ရေကြီးရေလျှံဖြစ်ပွားမှုကြောင့် ပျက်စီးမှုများဖြစ်ပွားခဲ့သည့် ပွဲကောက်ရေတံခွန်(BEFALL)၊ ကန်တော်လေး ရေထွက်ပေါက်၊ ရေထိန်းတံခါး၊ ကန်တော်ကြီး အမှတ် ၄ ကန်နှင့် မြို့ပေါ်ရပ်ကွက်များအား လိုက်လံကြည့်ရှုကြပြီး ပြင်ဦးလွင်မြို့၊ အားကစားခန်းမ၌ ရေကြီးနစ်မြုပ်ဒဏ်ခံရသည့် ရေဘေးသင့်ပြည်သူ ၂၅၀ ဦးခန့်အား တွေ့ဆုံ၍ အားပေးစကားပြောကြားခဲ့။
- နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ၊ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌက ရေဘေးသင့်ပြည်များအတွက် ထောက်ပံ့ငွေများကိုလည်းကောင်း၊ တိုင်းဒေသကြီးဝန်ကြီးချုပ်က သဘာဝဘေးအန္တရာယ်ဆိုင်ရာ ကယ်ဆယ်ရေးပစ္စည်းများကိုလည်းကောင်းပေးအပ်ရာ တာဝန်ရှိသူများက လက်ခံရယူခဲ့ကြ။

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ၊ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ပြင်ဦးလွင်မြို့နယ်အတွင်းရှိ ရေကြီးရေလျှံမှုဖြစ်ပွားခဲ့သည့် နေရာများအား ကြည့်ရှုစစ်ဆေးခဲ့သည့် မှတ်တမ်းဓာတ်ပုံများ**












**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ၊ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ပြင်ဦးလွင်မြို့နယ်အတွင်းရှိ ရေဘေးသင့်ပြည်သူများအား တွေ့ဆုံအားပေးစကားပြောကြားပြီး ကူညီထောက်ပံ့ရေးပစ္စည်းများပေးအပ်ခဲ့သည့် မှတ်တမ်းဓာတ်ပုံများ**












# အစွန်းရောက်အကြမ်းဖက်သမားများ၏ ယုတ်မာကောက်ကျစ်မှုများ၊ အကြမ်းဖက်သတ်ဖြတ်မှုများနှင့် အကြမ်းဖက်လုပ်ရပ်များကို ဆန့်ကျင်ရှုတ်ချကြောင်း တိုင်းသိ၊ ပြည်သိ၊ ကမ္ဘာသိအောင် ရှင်းလင်းထုတ်ဖော်




အမျိုးသားရေးတက်ကြွလှုပ်ရှားသူများစုပေါင်း၍ အစွန်းရောက်အကြမ်းဖက်သမားများ၏ ယုတ်မာကောက်ကျစ်မှုများ၊ အကြမ်းဖက်သတ်ဖြတ်မှုများနှင့် အကြမ်းဖက်လုပ်ရပ်များကို ဆန့်ကျင်ရှုတ်ချကြောင်း တိုင်းသိ၊ ပြည်သိ၊ ကမ္ဘာသိအောင် ရှင်းလင်းထုတ်ဖော်ပွဲများကို ဇူလိုင်လ ၂၉ ရက်တွင် ရန်ကုန်မြို့ရှိ မြို့တော်ခန်းမရှေ့တွင်လည်းကောင်း၊ ဇူလိုင်လ ၃၁ ရက်တွင် မန္တလေးမြို့ရှိ မဟာလောကမာရဇိန်စေတီကုသိုလ်တော်မြတ်စွာဘုရားအနီး၊ ပြည်ကြီးတံခွန်မြို့နယ်ရှိ တံခွန်တိုင်အဝိုင်းနှင့် ချမ်းမြသာစည်မြို့နယ်ရှိ လေယာဉ်ကွင်းဟောင်းနေရာများအပါအဝင် မန္တလေးမြို့ပေါ်ရှိ အထင်ကရနေရာများတွင် ကျင်းပပြုလုပ်ခဲ့ပါသည်။

ဆန္ဒထုတ်ဖော်ပွဲများသို့ တက်ရောက်လာကြသည့် **အမျိုးသားရေးတက်ကြွလှုပ်ရှားသူများနှင့် PDF အကြမ်းဖက်သမားများ လုပ်ကြံသတ်ဖြတ်မှုခံခဲ့ရသူများ၏ ကျန်ရစ်သူမိသားစုများက "အကြမ်းဖက်အစွန်းရောက်လုပ်ရပ်များ(အလိုမရှိ)၊ အပြစ်မဲ့သံဃာနှင့် ပြည်သူများအပေါ် ယုတ်မာကောက်ကျစ်မှုများ(အလိုမရှိ)၊ နိုင်ငံတော်ထိခိုက်မည့် အကြမ်းဖက်လုပ်ရပ်မှန်သမျှ(ဆန့်ကျင်ကျ)၊ အကြမ်းဖက်သမားများနှင့် အကြမ်းဖက်အားပေးထောက်ခံသူများ(ဆန့်ကျင်ကျ)၊ နိုင်ငံတော်အလုံးစုံပျက်သုဉ်းရေးကို ဦးတည်ဆောင်ရွက်နေသည့် ပြည်ပအားကိုးဒေါ်လာစားပြည်ဖျက်လောက်ကောင်များအား(ဆန့်ကျင်ကျ)"** ဟူသောကြွေးကြော်သံများကို သံပြိုင်ကြွေးကြော်ခဲ့ကြပါသည်။

ဆက်လက်၍ အစွန်းရောက်အကြမ်းဖက်သမားများ၏ ယုတ်မာကောက်ကျစ်မှုများ၊ အကြမ်းဖက်သတ်ဖြတ်မှုများ၊ အကြမ်းဖက်လုပ်ရပ်များနှင့်ပတ်သက်၍ ရှင်းလင်းဟောပြောခြင်းများကို ဆောင်ရွက်ခဲ့ကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၁-၈-၂၀၂၂)**

### ရန်ကုန်မြို့တွင် အစွန်းရောက်အကြမ်းဖက်သမားများ၏ ယုတ်မာကောက်ကျစ်မှုများ၊ အကြမ်းဖက်သတ်ဖြတ်မှုများနှင့် အကြမ်းဖက်လုပ်ရပ်များကို ဆန့်ကျင်ရှုတ်ချကြောင်း တိုင်းသိ၊ ပြည်သိ၊ ကမ္ဘာသိအောင် ရှင်းလင်းထုတ်ဖော်ခဲ့သည့် မှတ်တမ်းဓာတ်ပုံများ





- အစွန်းရောက်အကြမ်းဖက်သမားများ၏ အကြမ်းဖက်လုပ်ရပ်များနှင့်ပတ်သက်၍ ဆန့်ကျင်ရှုတ်ချပွဲများကို ရန်ကုန်မြို့နှင့် မန္တလေးမြို့ရှိ အထင်ကရနေရာများတွင် ကျင်းပပြုလုပ်ခဲ့။
- တက်ရောက်လာကြသည့် အမျိုးသားရေးတက်ကြွလှုပ်ရှားသူများနှင့် PDF အကြမ်းဖက်သမားများ လုပ်ကြံသတ်ဖြတ်မှုခံခဲ့ရသူများ၏ ကျန်ရစ်သူမိသားစုများက "အပြစ်မဲ့သံဃာနှင့် ပြည်သူများအပေါ် ယုတ်မာကောက်ကျစ်မှုများ(အလိုမရှိ)၊ အကြမ်းဖက်သမားများနှင့် အကြမ်းဖက်အားပေးထောက်ခံသူများ(ဆန့်ကျင်ကျ)၊ နိုင်ငံတော်အလုံးစုံပျက်သုဉ်းရေးကို ဦးတည်ဆောင်ရွက်နေသည့် ပြည်ပအားကိုးဒေါ်လာစား ပြည်ဖျက်လောက်ကောင်များအား(ဆန့်ကျင်ကျ)" ဟူသော ကြွေးကြော်သံများကို သံပြိုင်ကြွေးကြော်ခဲ့။

### မန္တလေးမြို့တွင် အစွန်းရောက်အကြမ်းဖက်သမားများ၏ ယုတ်မာကောက်ကျစ်မှုများ၊ အကြမ်းဖက်သတ်ဖြတ်မှုများနှင့် အကြမ်းဖက်လုပ်ရပ်များကို ဆန့်ကျင်ရှုတ်ချကြောင်း တိုင်းသိ၊ ပြည်သိ၊ ကမ္ဘာသိအောင် ရှင်းလင်းထုတ်ဖော်ခဲ့သည့် မှတ်တမ်းဓာတ်ပုံများ








# တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံပြီးစီးမှု



**မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ကျောင်းသား၊ ကျောင်းသူများအား ကာကွယ်ဆေးထိုးနှံပေးနေမှု**

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီး၌ ပြည်သူများအား ဦးတည်အုပ်စုများသတ်မှတ်၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ ကာကွယ်ဆေးထိုးခြင်းများကို အားသွန်ခွန်စိုက် ဆောင်ရွက်လျက်ရှိပါသည်-

- ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး နှစ်ကြိမ်အပြည့်ကို (၅-၁၈) နှစ်ကျောင်းသား/သူ ၄ ဒသမ ၅၃ သန်း၊ (၁၅-၁၈)နှစ်ပြည်သူ ၀ ဒသမ ၂၄ သန်းနှင့် ၁၈ နှစ်နှင့် အထက်ပြည်သူ ၂၇ ဒသမ ၃၇ သန်းတို့အား ထိုးနှံပြီးဖြစ်။
- ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ပထမအကြိမ်ကို (၅-၁၈) နှစ်ကျောင်းသား/သူ ၁ ဒသမ ၁၂ သန်း၊ (၁၅-၁၈) နှစ်ပြည်သူ ၀ ဒသမ ၁၃ သန်းနှင့် ၁၈ နှစ်နှင့် အထက်ပြည်သူ ၂ ဒသမ ၈၃ သန်းတို့အား ထိုးနှံပြီးဖြစ်။
- ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်မှ ဇူလိုင်လ ၃၁ ရက်အထိ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး Booster စုစုပေါင်းထိုးနှံပြီးစီးသူ ၄,၉၆၄,၂၈၄ ဦးရှိ။
- ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို တစ်နိုင်ငံလုံးအတိုင်းအတာအနေဖြင့် ဇူလိုင်လ ၃၁ ရက်အထိ လူဦးရေစုစုပေါင်း ၃၆ ဒသမ ၂၂ သန်းအား ထိုးနှံပေးပြီးဖြစ်၍ ကာကွယ်ဆေးနှစ်ကြိမ်အပြည့်ထိုးနှံပြီးစီးသူ ၃၂ ဒသမ ၁၄ သန်း၊ ပထမအကြိမ် ထိုးနှံပြီးစီးသူ ၄ ဒသမ ၀၈ သန်းနှင့် Booster ထပ်ဆောင်းထိုးနှံပြီးစီးသူ ၄ ဒသမ ၉ သန်းရှိကာ မြန်မာနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးအကြိမ်ရေစုစုပေါင်း ၇၃ ဒသမ ၂၆ သန်းထိုးနှံပြီးဖြစ်။

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါရှိ/မရှိ ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းအား ပုံမှန်ဆောင်ရွက်လျက်ရှိရာ ဇူလိုင်လ ၃၁ ရက်တွင် ဓာတ်ခွဲနမူနာစုစုပေါင်း ၄,၂၀၇ ခုအားစစ်ဆေးခဲ့ပြီး၊ ဓာတ်ခွဲအတည်ပြုလူနာသစ် ၉ ဦးဖြင့် ရောဂါပိုးတွေ့ရှိမှု ၀.၂၁ ရာခိုင်နှုန်းရှိခဲ့ပါသည်။ ၃၁-၇-၂၀၂၂ ရက်အထိ ဓာတ်ခွဲနမူနာစုစုပေါင်း ၈,၅၃၅,၉၁၄ ခုအား စစ်ဆေးခဲ့ရာ အတည်ပြုလူနာစုစုပေါင်း ၆၁၄,၀၉၂ ဦးနှင့် သေဆုံးသူစုစုပေါင်း ၁၉,၄၃၄ ဦးရှိကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၁-၈-၂၀၂၂)**

## တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံပေးနေသည့် မှတ်တမ်းဓာတ်ပုံများ



စစ်တွေမြို့



ဒေးဒရဲမြို့



သိန္နီမြို့



ဒဂုံတက္ကသိုလ် ကျောင်းသား၊ ကျောင်းသူများ

- ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို တစ်နိုင်ငံလုံးအတိုင်းအတာအနေဖြင့် ဇူလိုင်လ ၃၁ ရက်အထိ လူဦးရေစုစုပေါင်း ၃၆ ဒသမ ၂၂ သန်းအား ထိုးနှံပေးပြီးဖြစ်၍ ကာကွယ်ဆေးနှစ်ကြိမ်အပြည့်ထိုးနှံပြီးစီးသူ ၃၂ ဒသမ ၁၄ သန်း၊ ပထမအကြိမ် ထိုးနှံပြီးစီးသူ ၄ ဒသမ ၀၈ သန်းနှင့် Booster ထပ်ဆောင်းထိုးနှံပြီးစီးသူ ၄ ဒသမ ၉ သန်းရှိကာ မြန်မာနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးအကြိမ်ရေစုစုပေါင်း ၇၃ ဒသမ ၂၆ သန်းထိုးနှံပြီးဖြစ်။
- ၃၁-၇-၂၀၂၂ ရက်အထိ ဓာတ်ခွဲနမူနာစုစုပေါင်း ၈,၅၃၅,၉၁၄ ခုအား စစ်ဆေးခဲ့ရာ အတည်ပြုလူနာစုစုပေါင်း ၆၁၄,၀၉၂ ဦးနှင့် သေဆုံးသူစုစုပေါင်း ၁၉,၄၃၄ ဦးဖြစ်ပြီး ၃၁-၇-၂၀၂၂ ရက်တွင် ရောဂါပိုးတွေ့ရှိမှု ၀.၂၁ ရာခိုင်နှုန်းရှိ။

## တရားမဝင်ကုန်သွယ်မှု တားဆီး/ဖမ်းဆီးနိုင်ရေးအတွက် တားဆီး/ဖမ်းဆီးဆုငွေနှင့် သတင်းပေး ဆုငွေချီးမြှင့်နိုင်ရေး အသိပေးထုတ်ပြန်

မြန်မာနိုင်ငံအတွင်းသို့ လမ်းကြောင်းအသီးသီးမှ စားသုံးရန်မသင့်သည့် စားသောက်ကုန်များ၊ အရည်အသွေးနိမ့် လူသုံးကုန်ပစ္စည်းများ၊ တရားမဝင်ဆေးဝါးများနှင့် အခွန်ပေးဆောင်ထားခြင်းမရှိသော အကောက်ခွန်မဲ့ ကုန်ပစ္စည်းများဝင်ရောက်မှုအား ကုန်သွယ်ရေးစခန်းများ၊ စစ်ဆေးရေးစခန်းများနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့များဖွဲ့စည်း၍ တားဆီး/ဖမ်းဆီးခြင်းများ ဆောင်ရွက်လျက်ရှိပါသည်။

တရားမဝင်ကုန်သွယ်မှုများကြောင့် နိုင်ငံတော်၏စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် များစွာထိခိုက်ခြင်း၊ တရားမဝင်ကုန်သွယ်မှုကြောင့် တရားဝင်လုပ်ကိုင်နေသော လုပ်ငန်းများကို အဟန့်အတားဖြစ်စေခြင်း၊ တရားမဝင်ကုန်ပစ္စည်းများဝင်ရောက်နေသည့်အတွက် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများအနေဖြင့် တရားမဝင်ကုန်စည်များနှင့် ပြိုင်ဆိုင်ရောင်းချနိုင်စွမ်းနည်းပြီး ရေရှည်ရပ်တည်ရန် ခက်ခဲလာခြင်းတို့ကြောင့် တရားမဝင်ကုန်သွယ်မှုလုပ်ငန်းများ တားဆီးထိန်းချုပ်နိုင်ရေးလုပ်ငန်းစဉ်များ၌ ပြည်သူလူထုတစ်ရပ်လုံး ပူးပေါင်းပါဝင်မှုသာ ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။

တရားမဝင် တင်သွင်း/ တင်ပို့မှုများနှင့်ပတ်သက်၍ တားဆီး/ဖမ်းဆီးပစ္စည်းများအပေါ် ရွေးယူဒဏ်ငွေတပ်ရိုက်ခြင်း သို့မဟုတ် လေလံတင်ရောင်းချခြင်းမှ ရရှိငွေ၏ ၃၀ ရာခိုင်နှုန်းကို ဖမ်းဆီးသူများအားလည်းကောင်း၊ ၂၀ ရာခိုင်နှုန်းကို သတင်းပေးသူများအားလည်းကောင်း ပြည်ထောင်စုအစိုးရအဖွဲ့၏ အမိန့်ကြော်ငြာစာအမှတ် ၇၀/၂၀၂၀ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆုငွေချီးမြှင့်လျက်ရှိပါသည်။

သတင်းပေးပို့သူနှင့်ပတ်သက်သော အချက်အလက်များကို လျှို့ဝှက်စွာ ထိန်းသိမ်းထားရှိမည်ဖြစ်ကြောင်းနှင့် ဇူလိုင်လ ၂၉ ရက်ထုတ် မြဝတီသတင်းစာတွင် သက်ဆိုင်ရာမြို့နယ်အလိုက် ဖုန်းနံပါတ်များကို ဖတ်ရှုနိုင်ပြီး သတင်းပေးဆက်သွယ်တိုင်ကြားနိုင်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ အသိပေးထုတ်ပြန်ထားပါသည်။

**(မြဝတီသတင်းစာ ၂၉-၇-၂၀၂၂)**

- **တရားမဝင်ကုန်သွယ်မှုများအား တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့များဖွဲ့စည်း၍ တားဆီး/ဖမ်းဆီးခြင်းများ ဆောင်ရွက်လျက်ရှိ။**
- **တရားမဝင်ကုန်သွယ်မှုများကြောင့် နိုင်ငံတော်၏စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် များစွာထိခိုက်သည့်အပြင် တရားဝင်လုပ်ကိုင်နေသော လုပ်ငန်းများကို အဟန့်အတားဖြစ်။**
- **တားဆီး/ဖမ်းဆီးပစ္စည်းများမှ ရရှိငွေ၏ ၃၀ ရာခိုင်နှုန်းကို ဖမ်းဆီးသူများအားလည်းကောင်း၊ ၂၀ ရာခိုင်နှုန်းကို သတင်းပေးသူများအားလည်းကောင်း ဆုငွေချီးမြှင့်လျက်ရှိ။**

## ပြည်တွင်း၊ ပြည်ပအလုပ်အကိုင်အခွင့်အလမ်းများရရှိရေး တိုးမြှင့်ဆောင်ရွက်လျက်ရှိ

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရ လက်ထက်တွင် ပြည်တွင်း၊ ပြည်ပအလုပ်အကိုင်အခွင့်အလမ်းများရရှိရေး တိုးမြှင့်ဆောင်ရွက်လျက်ရှိရာ ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီက ဇူလိုင်လ ၂၇ ရက်တွင် ပြည်တွင်းအလုပ်အကိုင်အခွင့်အလမ်း ၇,၀၁၃ ဦးအတွက် ဖန်တီးပေးနိုင်မည့် ရင်းနှီးမြှုပ်နှံမှု ၁၀ ခု အတည်ပြုပေးခဲ့ပြီး အလုပ်သမားဝန်ကြီးဌာနမှ သုံးလတာကာလအတွင်း တောင်ကိုရီးယားနိုင်ငံသို့ Employment Permit System (EPS)စနစ်ဖြင့် မြန်မာလုပ်သား ၂,၂၁၅ ဦး စေလွှတ်ပြီးဖြစ်ပါသည်။

- ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီမှ အတည်ပြုပေးခဲ့သည့်လုပ်ငန်းများမှာ ဖွဲ့နမ်များကို တန်ဖိုးမြှင့် ထုတ်လုပ်ရောင်းချခြင်းလုပ်ငန်း၊ CMP စနစ်ဖြင့် အဝတ်အထည်၊



အိတ်၊ ဖိနပ်အမျိုးမျိုးချုပ်လုပ်ခြင်းလုပ်ငန်း၊ အသင့်စားသောက်ကုန် ကြာဆံခြောက် ထုတ်လုပ်ရောင်းချခြင်းလုပ်ငန်း၊ Normal စနစ်ဖြင့် ပြည်တွင်းမှ ငါးနှင့် ပုစွန်မျိုးစုံကို တန်ဖိုးမြှင့်ပြုပြင်ထုတ်လုပ်ခြင်း၊ ပြည်ပသို့ တင်ပို့ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်းတို့ဖြစ်။

- ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ၏ မတည်ငွေရင်းပမာဏမှာ ငွေကျပ် ၃,၃၀၉ ဒသမ ၅ သန်းနှင့် အမေရိကန်ဒေါ်လာ ၁၃ ဒသမ ၈၁၅ သန်းဖြစ်ပြီး မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း ၂ ခုနှင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်း ၈ ခု စုစုပေါင်း ၁၀ ခုမှ ပြည်တွင်း အလုပ်အကိုင်အခွင့်အလမ်း ၇,၀၁၃ ဦးအတွက် ဖန်တီးပေးနိုင်မည်ဖြစ်။
- EPS စနစ်ဖြင့် မြန်မာလုပ်သားစေလွှတ်ရာတွင် ကုန်ထုတ်လုပ်ငန်း၊ ဆောက်လုပ်ရေးလုပ်ငန်း၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများတွင် ဝင်ရောက်လုပ်ကိုင်မည့် လုပ်သားသစ်များအပြင် Re-entry လုပ်သားများလည်းပါဝင်ပြီး ဧပြီလ ၂၈ ရက်မှ ဇူလိုင်လ ၂၆ ရက်အထိ သုံးလတာကာလအတွင်း စုစုပေါင်းလုပ်သား ၂,၂၁၅ ဦး စေလွှတ်ပြီးဖြစ်။

EPS စနစ်ဖြင့် မြန်မာလုပ်သားစေလွှတ်ခြင်းကို နှစ်နိုင်ငံအစိုးရချင်း သဘောတူလက်မှတ်ရေးထိုးပြီး ၂၀၀၉ ခုနှစ်မှစ၍ စေလွှတ်ခဲ့ခြင်းဖြစ်ကြောင်း၊ ၂၀၂၂ ခုနှစ်အတွက် တောင်ကိုရီးယားနိုင်ငံ၏ အနည်းဆုံးလုပ်ခလစာများ တစ်နာရီလျှင် ဝမ် ၉,၁၀၀ အထိ ရရှိလာသည့်အပြင် လုပ်သားများအတွက် ခိုင်မာသည့်ဥပဒေများလည်းရှိသောကြောင့် အလုပ်လုပ်ကိုင်သူ များပြားလာကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၂၈-၇-၂၀၂၂)**

- **ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီက ပြည်တွင်းအလုပ်အကိုင်အခွင့်အလမ်း ၇,၀၁၃ ဦးအတွက် ဖန်တီးပေးနိုင်မည့် ရင်းနှီးမြှုပ်နှံမှု ၁၀ ခု အတည်ပြုပေးခဲ့။**
- **အတည်ပြုပေးခဲ့သည့် လုပ်ငန်းများမှာ ဖွဲ့နများကို တန်ဖိုးမြှင့် ထုတ်လုပ်ရောင်းချခြင်းလုပ်ငန်း၊ CMP စနစ်ဖြင့် အဝတ်အထည်၊ အိတ်၊ ဖိနပ်အမျိုးမျိုးချုပ်လုပ်ခြင်းလုပ်ငန်း၊ အသင့်စားသောက်ကုန် ကြာဆံခြောက် ထုတ်လုပ်ရောင်းချခြင်းလုပ်ငန်း၊ Normal စနစ်ဖြင့် ပြည်တွင်းမှ ငါးနှင့် ပုစွန်မျိုးစုံကို တန်ဖိုးမြှင့်ပြုပြင်ထုတ်လုပ်ခြင်း၊ ပြည်ပသို့ တင်ပို့ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်းတို့ဖြစ်။**
- **EPS စနစ်ဖြင့် မြန်မာလုပ်သားစေလွှတ်ရာတွင် ကုန်ထုတ်လုပ်ငန်း၊ ဆောက်လုပ်ရေးလုပ်ငန်း၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများတွင် ဝင်ရောက်လုပ်ကိုင်မည့် လုပ်သားသစ်များအပြင် Re-entry လုပ်သားများလည်းပါဝင်ပြီး ဧပြီလ ၂၈ ရက်မှ ဇူလိုင်လ ၂၆ ရက်အထိ သုံးလတာကာလအတွင်း စုစုပေါင်းလုပ်သား ၂,၂၁၅ ဦး စေလွှတ်ပြီးဖြစ်။**

# ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်အတွင်း ပြည်ပပို့ကုန်များ တိုးမြှင့်ဆောင်ရွက်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရ တာဝန်ယူစဉ်ကာလအတွင်း နယ်စပ်ကုန်သွယ်ရေးစခန်းများနှင့် ပုံမှန်ကုန်သွယ်ရေးလမ်းကြောင်းများမှတစ်ဆင့် ပြည်ပပို့ကုန်များ တိုးမြှင့်ဆောင်ရွက်လျက်ရှိရာ-

- ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်စ ဧပြီလ ၁ ရက်မှ ဇူလိုင်လ ၂၈ ရက်အထိ လေးလတာကာလအတွင်း ငါး၊ ပုစွန်နှင့် အခြားရေထွက်ကုန် မက်ထရစ်တန်ချိန် ၄၂,၁၃၃ ဒသမ ၆၅၅ တန်တင်ပို့ခဲ့ပြီး အမေရိကန်ဒေါ်လာ ၄၃,၅၉၉,၁၃၃ ဒသမ ၃၇၆ ဒေါ်လာ ရရှိခဲ့။
- ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်စ ဧပြီလ ၁ ရက်မှ ဇူလိုင်လ ၁၅ ရက်အထိ ပြည်ပသို့ စက်မှုကုန်ချောတင်ပို့မှုအနေဖြင့် နိုင်ငံပိုင်မှ အမေရိကန်ဒေါ်လာ ၉၅၂ ဒသမ ၈၄၈ သန်း၊ ပုဂ္ဂလိကပိုင်မှ အမေရိကန်ဒေါ်လာ ၂,၁၇၁ ဒသမ ၁၉၅ သန်းရရှိပြီး စုစုပေါင်း အမေရိကန်ဒေါ်လာ ၃,၁၂၄ ဒသမ ၀၄၃ သန်း ရရှိခဲ့။
- ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်စ ဧပြီလ ၁ ရက်မှ ဇူလိုင်လ ၂၂ ရက်အထိ ပြည်ပသို့ ပဲမျိုးစုံတင်ပို့မှုအနေဖြင့် ပင်လယ်ရေကြောင်းမှ ၃၉၉,၇၃၁ ဒသမ ၀၃၇ တန်တင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၃၁၅ ဒသမ ၈၁၅ သန်း၊ နယ်စပ်ကုန်သွယ်ရေးမှ ၁၃၉,၅၇၉ ဒသမ ၉၆၇ တန် တင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၉၄ ဒသမ ၀၀၅ သန်း စုစုပေါင်း ၅၃၉,၃၁၁ ဒသမ ၀၀၄ တန် တင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၄၀၉ ဒသမ ၈၂ သန်း ရရှိခဲ့။

မြန်မာနိုင်ငံမှ ပြည်ပသို့ လယ်ယာထွက်ကုန်ပစ္စည်း တိရစ္ဆာန်ထွက်ပစ္စည်း၊ ရေထွက်ပစ္စည်း၊ သတ္တုတွင်းထွက်ပစ္စည်း၊ သစ်တောထွက်ပစ္စည်း၊ စက်မှုကုန်ချောနှင့် အခြားပို့ကုန်ပစ္စည်းများ တင်ပို့လျက်ရှိရာ ပို့ကုန်တင်ပို့မှုမှ စုစုပေါင်း အမေရိကန်ဒေါ်လာ ၄,၈၁၃ ဒသမ ၅၃၂ သန်းရရှိခဲ့ပြီး အဆိုပါပို့ကုန်ပစ္စည်းများထဲတွင် စက်မှုကုန်ချောတင်ပို့မှုမှ အများဆုံးဖြစ်ကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၁-၈-၂၀၂၂)**

- **၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်၊ ဧပြီလ ၁ ရက်မှ ဇူလိုင်လ ၂၈ ရက်အထိ လေးလတာကာလအတွင်း ငါး၊ ပုစွန်နှင့် အခြားရေထွက်ကုန် မက်ထရစ်တန်ချိန် ၄၂,၁၃၃ ဒသမ ၆၅၅ တန်တင်ပို့ခဲ့ပြီး အမေရိကန်ဒေါ်လာ ၄၃,၅၉၉,၁၃၃ ဒသမ ၃၇၆ ဒေါ်လာ ရရှိခဲ့။**

- ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်စ ဧပြီလ ၁ ရက်မှ ဇူလိုင်လ ၁၅ ရက်အထိ ပြည်ပသို့ စက်မှုကုန်ချောတင်ပို့မှုအနေဖြင့် အမေရိကန်ဒေါ်လာ ၃,၁၂၄ ဒသမ ၀၄၃ သန်းရရှိခဲ့။
- ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်စ ဧပြီလ ၁ ရက်မှ ဇူလိုင်လ ၂၂ ရက်အထိ ပြည်ပသို့ ပဲမျိုးစုံတင်ပို့မှုအနေဖြင့် ၅၃၉,၃၁၁ ဒသမ ၀၀၄ တန် တင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၄၀၉ ဒသမ ၈၂ သန်း ရရှိခဲ့။

# သက်ဆိုင်ရာနယ်မြေအလိုက် လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် မိသားစုဝင်များအား သွားရောက်တွေ့ဆုံ၍ စားသောက်ဖွယ်ရာများ ပေးအပ်




အနောက်တောင်တိုင်းစစ်ဌာနချုပ်အတွင်းရှိ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် မိသားစုဝင်များအား ဆန်၊ ဆီ၊ ဆား၊ ပဲ အမယ်(၄)မျိုးနှင့် ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး အထောက်အကူပြုပစ္စည်းများ ပေးအပ်

တိုင်းစစ်ဌာနချုပ်အသီးသီးမှ တိုင်းမှူးနှင့် တာဝန်ရှိသူများက သက်ဆိုင်ရာနယ်မြေအလိုက် လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် မိသားစုဝင်များအား သွားရောက်တွေ့ဆုံ၍ စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရှိရပါသည်။

- ဇူလိုင်လ ၂၅ ရက်တွင် အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများက ဧရာဝတီတိုင်းဒေသကြီး အတွင်းရှိ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် မိသားစုဝင်များအား ဆန်၊ဆီ၊ ဆား၊ ပဲ အမယ်(၄)မျိုးနှင့် စားသောက်ဖွယ်ရာများ၊ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး အထောက်အကူပြုပစ္စည်းများအား ထောက်ပံ့ပေးအပ်ခဲ့။
- ဇူလိုင်လ ၂၆ ရက်တွင် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများက ရှမ်းပြည်နယ်(တောင်ပိုင်း)၊ တောင်ကြီးမြို့ရှိ PNO အသွင်ပြောင်း ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များနှင့် ကယားပြည်နယ်အတွင်းရှိ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များအား စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်ခဲ့။
- ဇူလိုင်လ ၂၇ ရက်တွင် အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများက မွန်ပြည်နယ်၊ ကျိုက်မရော မြို့နယ်နှင့် ကရင်ပြည်နယ်၊ ဘားအံမြို့နယ်နှင့် မြိုင်ကလေး မြို့နယ်အတွင်း လုံခြုံရေးဆောင်ရွက်နေသည့် တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များ



**အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်အတွင်းရှိ PNO အသွင်ပြောင်း ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များနှင့် ကယားပြည်နယ်အတွင်းရှိ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များအား စားသောက်ဖွယ်ရာများ ပေးအပ်နေမှု**

အား သက်ဆိုင်ရာနေရာအသီးသီး၌ သွားရောက်တွေ့ဆုံ၍ အာဟာရဖြည့်စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်ခဲ့။

- ဇူလိုင်လ ၂၇ ရက်တွင် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူးနှင့် အဖွဲ့ဝင်များက မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ်၊ ရွှေစာရံကျေးရွာ၊ လုံခြုံရေးတပ်ဖွဲ့ခွဲရှိ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များအား သွားရောက်တွေ့ဆုံ၍ စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်ခဲ့။
- ဇူလိုင်လ ၂၇ ရက်တွင် ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်တိုင်းမှူးနှင့် တာဝန်ရှိသူများက တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်မြို့နယ်ရှိ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် မိသားစုဝင်များအတွက် ဆန်၊ဆီ၊ ဆား၊ ပဲ အမယ်(၄) မျိုးနှင့် စားသောက်ဖွယ်ရာများ၊ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး အထောက်အကူပြုပစ္စည်းများအား ထောက်ပံ့ပေးအပ်ခဲ့။
- ဇူလိုင်လ ၂၈ ရက်တွင် နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူးနှင့် အဖွဲ့ဝင်များက နေပြည်တော်ကောင်စီနယ်မြေ၊ ဇေယျာသီရိမြို့နယ်နှင့် တပ်ကုန်းမြို့နယ်များ၌ နယ်မြေလုံခြုံရေးတာဝန်များ ထမ်းဆောင်လျက်ရှိသည့် တပ်မတော်သားများနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များအား သွားရောက်တွေ့ဆုံ၍ စားသောက်ဖွယ်ရာများနှင့် ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးအထောက်အကူပြုပစ္စည်းများ ထောက်ပံ့ပေးအပ်ခဲ့။
- ဇူလိုင်လ ၂၈ ရက်တွင် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူးနှင့် အဖွဲ့ဝင်များက မန္တလေးတိုင်းဒေသကြီး၊ စဉ့်ကိုင်မြို့နယ်ရှိ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များအား သွားရောက်တွေ့ဆုံ၍ စားသောက်ဖွယ်ရာများ ပေးအပ်ခဲ့ကြောင်း။
- ဇူလိုင်လ ၂၉ ရက်တွင် မွန်ပြည်နယ်၊ ချောင်းဆုံမြို့နယ်အတွင်း လုံခြုံရေးဆောင်ရွက်နေသည့် တပ်မတော်သားများနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များအား အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် အဖွဲ့ဝင်များက လည်းကောင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကော့သောင်းမြို့၊ မြို့မရဲစခန်းနှင့် မလိဝမ်းရဲကင်းစခန်းမှ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များအား ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူးနှင့်အဖွဲ့ဝင်များကလည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်နှင့် မင်္ဂလာဒုံမြို့နယ်အတွင်းရှိ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များအား ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် အဖွဲ့ဝင်များကလည်းကောင်း အသီးသီး သွားရောက်တွေ့ဆုံ၍ ဆန်၊ ဆီ၊ ပဲ၊ ဆား အမယ်(၄)မျိုး၊ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး အထောက်အကူပြုပစ္စည်းများနှင့် အာဟာရဖြည့် စားသောက်ဖွယ်ရာများကို ပေးအပ်ခဲ့။
- ဇူလိုင်လ ၃၀ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်ရှိ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များအား ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူးနှင့် တာဝန်ရှိသူများက သွားရောက်တွေ့ဆုံ၍ စားသောက်ဖွယ်ရာများ ပေးအပ်ခဲ့။



**အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကိုမောင် ကျိုက်မရောမြို့နယ်၊ နယ်မြေခံလုံခြုံရေးရဲတပ်ဖွဲ့ခွဲ တပ်ဖွဲ့ဝင်မိသားစုများသို့ စားသောက်ဖွယ်ရာများ ပေးအပ်နေမှု**



**အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ကိုကိုဦးက မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ်၊ ရွှေစာရံကျေးရွာ၊ လုံခြုံရေးရဲတပ်ဖွဲ့ခွဲရှိ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့်၎င်းတို့၏မိသားစုဝင်များအား စားသောက်ဖွယ်ရာများ ပေးအပ်စဉ်**

သက်ဆိုင်ရာတိုင်းမှူးများက စစ်မှုထမ်းဟောင်းအဖွဲ့ ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဝင်များ၊ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များ ဆောင်ရွက်ပေးခဲ့ကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၃၁-၇-၂၀၂၂)**

- **တိုင်းစစ်ဌာနချုပ်အသီးသီးမှ တိုင်းမှူးနှင့် တာဝန်ရှိသူများက ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့ရှိ လုံခြုံရေးဆောင်ရွက်နေသည့် တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များအား သွားရောက်တွေ့ဆုံ၍ စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်ခဲ့။**

## သက်ဆိုင်ရာနယ်မြေအလိုက် လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ စစ်မှုထမ်းဟောင်း အဖွဲ့ဝင်များနှင့် မိသားစုဝင်များအား သွားရောက်တွေ့ဆုံ၍ စားသောက်ဖွယ်ရာများ ပေးအပ်နေသည့် မှတ်တမ်းဓာတ်ပုံများ



ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်တိုင်းမှူးက စစ်မှုထမ်းဟောင်းများနှင့် မိသားစုဝင်များအား ထောက်ပံ့ပစ္စည်းများ ပေးအပ်နေမှု



နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူးက လုံခြုံရေးတပ်ဖွဲ့ဝင်များအား စားသောက်ဖွယ်ရာနှင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးအထောက်အကူပြုပစ္စည်းများပေးအပ်နေမှု



ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူးက မင်္ဂလာဒုံမြို့နယ် နယ်မြေခံလုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များအား စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်နေမှု

# PDF အမည်ခံအကြမ်းဖက်သမားများ၏ ခြိမ်းခြောက်အကြမ်းဖက်သတ်ဖြတ်မှုအန္တရာယ်မှ တိမ်းရှောင်လာကြသူများအား ဆန်၊ ဆီ၊ စားသောက်ဖွယ်ရာများနှင့် ထောက်ပံ့ငွေများပေးအပ်




နေပြည်တော်ကောင်စီနယ်မြေအတွင်းသို့ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်၊ မကွေးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့မှ PDF အမည်ခံအကြမ်းဖက်သမားများ၏ ခြိမ်းခြောက်အကြမ်းဖက်သတ်ဖြတ်မှုအန္တရာယ်မှ တိမ်းရှောင်လာကြသူများအား ဆန်၊ ဆီ၊ စားသောက်ဖွယ်ရာနှင့် ထောက်ပံ့ငွေများ ပေးအပ်ခြင်းအခမ်းအနားကို ဇူလိုင်လ ၂၉ ရက်တွင် ကျင်းပခဲ့ရာ အခမ်းအနားတွင် တာဝန်ရှိသူများက အိမ်ထောင်စု ၁၁၅ စုအတွက် တစ်စုလျှင် ဆန် ၈ ပြည်၊ ဆီ ၁ ပိဿာ၊ ဆား ၁ ပိဿာနှင့် ကုလားပဲ ၁ ပိဿာနှုန်းဖြင့်လည်းကောင်း၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ အိမ်ထောင်စုတစ်စုလျှင် ထောက်ပံ့ငွေ ၆,၀၀၀ ကျပ်နှုန်းဖြင့်လည်းကောင်း ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၃၁-၇-၂၀၂၂)**

- **နေပြည်တော်ကောင်စီနယ်မြေအတွင်းသို့ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်၊ မကွေးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့မှ PDF အမည်ခံအကြမ်းဖက်သမားများ၏ ခြိမ်းခြောက်အကြမ်းဖက်သတ်ဖြတ်မှုအန္တရာယ်မှ တိမ်းရှောင်လာကြသူများအား အိမ်ထောင်စု ၁၁၅ စုအတွက် တစ်စုလျှင် ဆန် ၈ ပြည်၊ ဆီ ၁ ပိဿာ၊ ဆား ၁ ပိဿာနှင့် ကုလားပဲ ၁ ပိဿာနှုန်းဖြင့်လည်းကောင်း၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ အိမ်ထောင်စုတစ်စုလျှင် ထောက်ပံ့ငွေ ၆,၀၀၀ ကျပ်နှုန်းဖြင့်လည်းကောင်း ထောက်ပံ့ပေးအပ်ခဲ့။**

## PDF အမည်ခံအကြမ်းဖက်သမားများ၏ ခြိမ်းခြောက်အကြမ်းဖက်သတ်ဖြတ်မှုအန္တရာယ်မှ တိမ်းရှောင်လာကြသူများအား ဆန်၊ ဆီ၊ စားသောက်ဖွယ်ရာများနှင့် ထောက်ပံ့ငွေများပေးအပ်ခဲ့သည့် မှတ်တမ်းဓာတ်ပုံများ









# မြို့နယ်အချို့၌ PDF အကြမ်းဖက်သမားများက ပညာမဲ့လူတန်းစားများ ဖြစ်ပေါ်လာစေရန် ရည်ရွယ်၍ ပညာရေးကဏ္ဍမြင့်မားရေးကို နှောင့်ယှက်ဖျက်ဆီး




**ပန်းတနော်မြို့နယ်၊ လက်ပန်ကုန်းကျေးရွာရှိ အခြေခံပညာအလယ်တန်းကျောင်းအား PDF အကြမ်းဖက်သမားများက မီးရှို့ဖျက်ဆီးခဲ့မှု**

နိုင်ငံရေးအစွန်းရောက် အကြမ်းဖက်သမားများအနေဖြင့် ပညာရေးကဏ္ဍအပေါ် ဘက်ပေါင်းစုံမှ ယုတ်မာသည့် နည်းလမ်းများဖြင့် နှောင့်ယှက်ဖျက်ဆီးမှုများအား ပြုလုပ်လျက်ရှိရာ-

- ဇူလိုင်လ ၂၇ ရက်တွင် ဧရာဝတီတိုင်းဒေသကြီး၊ ပန်းတနော်မြို့နယ်၊ လက်ပန်ကုန်းကျေးရွာရှိ အခြေခံပညာအလယ်တန်းကျောင်းအား PDF အကြမ်းဖက်သမားများက မီးရှို့ဖျက်ဆီးခဲ့ရာ ကျောင်းရုံးခန်းနှင့် စာကြည့်တိုက်တွဲလျက် အဆောက်အဦအတွင်းရှိ စာရွက်စာတမ်းများ၊ ပြဋ္ဌာန်းစာအုပ်များ၊ သံဗီရို ၁ လုံး၊ သစ်သားဗီရို ၂ လုံး၊ ဆိုလည်ကုလားထိုင် ၁ လုံးတို့ မီးလောင်ပျက်စီးဆုံးရှုံးခဲ့။
- ဇူလိုင်လ ၂၈ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး၊ ပုလဲမြို့နယ်၊ သေတ္တာရာကျေးရွာနေ ပုလဲအခြေခံပညာအထက်တန်းကျောင်းမှ အလယ်တန်းပြကျောင်းဆရာဖြစ်သူ ဦးစိုင်းမင်းလတ် (၃၈) နှစ်သည် ၎င်း၏နေအိမ်၌ရှိနေစဉ် PDF အကြမ်းဖက်သမားများက ၎င်းအား သေနတ်၊ ဓားများဖြင့် ဝိုင်းဝန်းပစ်ခတ်ထိုးခုတ်ခဲ့သဖြင့် ၎င်းတွင် သေနတ်၊ ဓားဒဏ်ရာများရရှိခဲ့။
- မကွေးတိုင်းဒေသကြီး၊ နတ်မောက်မြို့နယ်၊ အောင်ဆန်းရပ်ကွက်ရှိ မြို့နယ်ပညာရေးမှူးရုံး၌ လက်လုပ်မိုင်း ၁ လုံး ပေါက်ကွဲခဲ့မှုကြောင့် ရုံးပြတင်းပေါက်မှန်များ ကွဲအက်ပျက်စီးခဲ့။
- တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့နယ်၊ ကညွံ့ရပ်ကွက်ရှိ ကညွံ့အခြေခံပညာမူလတန်းကျောင်းရှေ့ လမ်းပေါ်၌လည်းကောင်း၊ ထားဝယ်မြို့နယ်၊ ဟိန္ဒားကျေးရွာနေ ဦးကြည်ထွန်း (၅၀) နှစ်နှင့် အလယ်တန်းပြကျောင်းဆရာမဖြစ်သူ ဒေါ်နီနီဆင့်တို့၏ နေအိမ်ရှေ့၌လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး၊ တောင်သာမြို့နယ်၊ အခြေခံပညာအထက်တန်းကျောင်းခွဲရှိ ကျောင်းရုံးခန်းဝင်ပေါက် တံခါးမကြီး၏ အောက်ခြေအခင်းပေါ်၌လည်းကောင်း ခြိမ်းခြောက်စာများထားရှိခဲ့။
- ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ကလောမြို့နယ်ရှိ အမှတ် (၂) အခြေခံပညာအထက်တန်းကျောင်းဝင်းနေ အထက်တန်းပြဆရာမဖြစ်သူ ဒေါ်ဝါဝါရွှေ (၄၀) နှစ်အား PDF အကြမ်းဖက်သမား ၁ ဦးက ဖုန်းဖြင့် ဆက်သွယ်၍ ခြိမ်းခြောက်ခြင်းနှင့် ငွေတောင်းခံခြင်းများ လုပ်ဆောင်ခဲ့။
- ဇူလိုင်လ ၃၀ ရက်တွင် မကွေးတိုင်းဒေသကြီး၊ ပခုက္ကူမြို့နယ်၊ ကျွဲတဲ(ရွာမ)ကျေးရွာရှိ အခြေခံပညာအလယ်တန်းကျောင်းခွဲရှိ ကျောင်းအုပ်ဆရာမကြီး ရုံးခန်းတံခါးဝ၌ ခြိမ်းခြောက်စာများရေးသားထားသည့် စာတစ်စောင်ထားရှိခဲ့။
- ပခုက္ကူမြို့နယ်၊ ကမ္မမြို့နေ သရက်ကန်အခြေခံပညာမူလတန်းကျောင်းမှ မူလတန်းပြဆရာမဖြစ်သူ ဒေါ်ခင်မာနိုင် (၃၈) နှစ်သည် ကျောင်းမှ ၎င်း၏နေအိမ်သို့ ဆိုင်ကယ်ဖြင့်




**တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့နယ်၌ ခြိမ်းခြောက်စာများတွေ့ရှိမှု**

ပြန်လာစဉ် အကြမ်းဖက်သမားများက သေနတ်ဖြင့် ပစ်ခတ်ထွက်ပြေးသွားခဲ့ရာ ဒေါ်ခင်မာနိုင်တွင် သေနတ်ထိမှန်ဒဏ်ရာများရရှိခဲ့။


ယခုကဲ့သို့စစ်ရေးနှင့်မသက်ဆိုင်သော အရပ်ဘက်ပစ်မှတ်များဖြစ်သည့် စာသင်ကျောင်းများ၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများအား ရည်ရွယ်ချက်ရှိစွာ တိုက်ခိုက်ခြင်းသည် ဂျီနီဗာကွန်ဗင်းရှင်းတွင် ပြဋ္ဌာန်းထားသည့် အချက်များနှင့် အပြည်ပြည်ဆိုင်ရာ ဥပဒေတို့အရ စစ်ရာဇဝတ်မှု (War Crime)ကို ကျူးလွန်ခြင်းဖြစ်ပါသည်။ PDF အကြမ်းဖက်သမားများသည် ပညာမဲ့လူတန်းစားများ ဖြစ်ပေါ်လာစေရန် ရည်ရွယ်၍ ပညာရေးဆိုင်ရာရုံးဌာနများနှင့် စာသင်ကျောင်းများကို နည်းမျိုးစုံဖြင့် တိုက်ခိုက်ဖျက်ဆီးလျက်ရှိသည့်အပြင် အပြစ်မဲ့ပြည်သူများနှင့် နိုင်ငံ့ဝန်ထမ်းများအား အကြောင်းမဲ့ဖမ်းဆီးသတ်ဖြတ်ခြင်းများ၊ ခြိမ်းခြောက်အကြပ်ကိုင်ခြင်းများစသည့် အကြမ်းဖက်လုပ်ရပ်များအား ဆက်တိုက်ကျူးလွန်နေသည့်အတွက် မိဘများအနေဖြင့် ၎င်းတို့ရင်သွေးငယ်များ၏ ပညာသင်ကြားနေမှုကို နှောင့်ယှက်ဖျက်ဆီးခံရခြင်းကြောင့် အကြမ်းဖက်သမားများအား ရွံရှာမုန်းတီးလျက်ရှိပြီး အချို့ပြည်သူများကိုလည်း အဆိုပါလုပ်ရပ်များအပေါ် ဝိုင်းဝန်းဆန့်ကျင်ကြရန် လိုလားလျက်ရှိပါသည်။

အကြမ်းဖက်သမားများ၏ ပညာရေးကဏ္ဍအပေါ် အကြမ်းဖက်လုပ်ရပ်များမှာ စာသင်ကျောင်းများအား မီးရှို့ဖျက်ဆီးခဲ့မှု (၁၄၀) ကြိမ်၊ မိုင်းထောင်ဖောက်ခွဲခဲ့မှု (၄၀၁) ကြိမ်နှင့် ခြိမ်းခြောက်အကြမ်းဖက်မှု (၈၇) ကြိမ်၊ ဒဏ်ရာရပညာရေးဝန်ထမ်းမှာ ဆရာ (၁၄) ဦး၊ ဆရာမ (၁၈) ဦးနှင့် ဝန်ထမ်း (၆) ဦးနှင့် သေဆုံးပညာရေးဝန်ထမ်းမှာ ဆရာ (၁၇) ဦး၊ ဆရာမ (၁၇) ဦးနှင့် ဝန်ထမ်း (၃) ဦးတို့ရှိပြီဖြစ်ပါသည်။

အထက်ပါ ဖြစ်စဉ်များတွင် ပါဝင်ပတ်သက်သူများအား ဖော်ထုတ်ဖမ်းဆီး၍ ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက စုံစမ်းဖော်ထုတ်လျက်ရှိသည်။တိုင်းရင်းသားပြည်သူလူထုတစ်ရပ်လုံးအနေဖြင့်လည်း ယခုကဲ့သို့ ယုတ်မာရိုင်းစိုင်းသည့် လုပ်ရပ်ကိုကျူးလွန်ခဲ့သည့် PDF အကြမ်းဖက်အဖွဲ့များအပေါ် ဝိုင်းဝန်းဆန့်ကျင်ကြရန်နှင့် အကြမ်းဖက်အဖွဲ့များ၏ လှုပ်ရှားမှုသတင်းများရရှိပါက လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် သက်ဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့များထံ သတင်းပို့ခြင်းဖြင့် ဝိုင်းဝန်းကူညီပေးကြပါရန် မေတ္တာရပ်ခံ တိုက်တွန်းထားကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၁-၈-၂၀၂၂)**

- **ပန်းတနော်မြို့နယ်၊ လက်ပန်ကုန်းကျေးရွာရှိ အခြေခံပညာအလယ်တန်းကျောင်းအား PDF အကြမ်းဖက်သမားများက မီးရှို့ဖျက်ဆီးခဲ့ရာ ကျောင်းရုံးခန်းနှင့် စာကြည့်တိုက်တွဲလျက် အဆောက်အဦအတွင်းရှိ စာရွက်စာတမ်းများ၊ ပြဋ္ဌာန်းစာအုပ်များ၊ သံဗီရို ၁ လုံး၊ သစ်သားဗီရို ၂ လုံး၊ ဆိုလည်ကုလားထိုင် ၁ လုံးတို့ မီးလောင်ပျက်စီးဆုံးရှုံးခဲ့။**



ကျောင်းအုပ်ဆရာ ကြီးသို့ ပန်ကြားမှာ
ကျွန်တော်ဒီစာရေး ပြီးချိန်မှာ ကျောင်းကို ဗုံးနှစ်လုံး
ဆင်ပြီးသွားပါပြီ ခင်ဗျား ဒါကြောင့် မို့ကျောင်း
ကိုသုံးရက်အတွင်း ပိတ်ပေးပါ သုံးရက်အ
တွင်း မပိတ်ပါက ကျောင်းမှာ ဗုံးပေါက်ခဲ့
ရင် တာဝန်မယူပါ ကျောင်းမှာ အိပ်တဲ့ဆရာ
မတွေ့အလည်း တာဝန်မယူပါ သုံးရက်အတွင်း
ကျောင်းမပိတ်ပါက ဗုံးမပေါက်စေရ တာဝန်မယူပါ
သည်။

မန္တလေးတိုင်းဒေသကြီး၊ တောင်သာမြို့နယ်၌ ခြိမ်းခြောက်စာတွေ့ရှိမှု



မကွေးတိုင်းဒေသကြီး၊ ပခုက္ကူမြို့နယ်၌ PDF အကြမ်းဖက်သမားများက သေနတ်ဖြင့် ပစ်ခတ်ခံရ၍ မူလတန်းပြဆရာမတစ်ဦး ဒဏ်ရာရရှိမှု

- PDF အကြမ်းဖက်သမားများသည် ပညာမဲ့လူတန်းစားများ ဖြစ်ပေါ်လာစေရန် ရည်ရွယ်၍ ပညာရေးဝန်ထမ်းများအား အကြောင်းမဲ့သတ်ဖြတ်ခြင်းများ ပြုလုပ်ခဲ့။
- နတ်မောက်မြို့နယ်၊ အောင်ဆန်းရပ်ကွက်ရှိ မြို့နယ်ပညာရေးမှူးရုံး၌ လက်လုပ်မိုင်း ၁ လုံးပေါက်ကွဲခဲ့မှုကြောင့် ရုံးပြတင်းပေါက်မှန်များ ကွဲအက်ပျက်စီးခဲ့။
- ကလေးမြို့နယ်ရှိ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းဝင်းနေ အထက်တန်းပြဆရာမဖြစ်သူ ဒေါ်ဝါဝါရွှေ (၄၀)နှစ်အား PDF အကြမ်းဖက်သမား ၁ ဦးက ဖုန်းဖြင့် ဆက်သွယ်၍ ခြိမ်းခြောက်ခြင်းနှင့် ငွေတောင်းခံခြင်းများ လုပ်ဆောင်ခဲ့။

# ကျောက်တံတားမြို့နယ်အတွင်းရှိ မြို့တော်ခန်းမအား အကြမ်းဖက်သမားများက လက်ပစ်ဗုံးဖြင့် ပစ်ပေါက်



**ကျောက်တံတားမြို့နယ်၊ (၁)ရပ်ကွက်၊ စည်ပင်လမ်း၊ မြို့တော်ခန်းမ ဝင်/ထွက်ပေါက်ဂိတ်အား PDF အကြမ်းဖက်သမားများက လက်ပစ်ဗုံးဖြင့် ပစ်ပေါက်ခဲ့မှုကြောင့် ပျက်စီးမှုမှတ်တမ်းဓာတ်ပုံ**

ဇူလိုင်လ ၃၀ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တံတားမြို့နယ်(၁)ရပ်ကွက်၊ စည်ပင်လမ်းရှိ မြို့တော်ခန်းမ ဝင်/ထွက်ဂိတ်ပေါက်သို့ အကြမ်းဖက်သမား အမျိုးသား ၂ ဦးက လက်ပစ်ဗုံးနှစ်လုံးဖြင့် ပစ်ပေါက်ထွက်ပြေးသွားခဲ့ရာ လက်ပစ်ဗုံးများ ပေါက်ကွဲမှုကြောင့် လုံခြုံရေးတပ်ဖွဲ့ဝင်အချို့နှင့် စည်ပင်နေ့စားဝန်ထမ်း ၂ ဦးတို့ ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း သိရှိရသည်။

အကြမ်းဖက်သမားများအနေဖြင့် တည်ငြိမ်အေးချမ်းမှုကို ပျက်ပြားစေရန်နှင့် ပြည်သူလူထု အထိတ်တလန့်ဖြစ်စေရန် ရည်ရွယ်၍ လက်ပစ်ဗုံးများ၊ လက်လုပ်ဗုံးများနှင့် လက်လုပ်မိုင်းများကို အသုံးပြု၍ အများပြည်သူသွားလာလှုပ်ရှားနေသော လမ်းမကြီးများ၊ စာသင်ကျောင်းများ၊ ပြည်သူပိုင်အဆောက်အဦများ၊ အများပြည်သူများနှင့် သက်ဆိုင်သည့်နေရာများ၊ စစ်ရေးနှင့် မသက်ဆိုင်သည့်နေရာများ၊ အစိုးရရုံး၊ ဌာနများနှင့် အဆောက်အဦများအား ဖောက်ခွဲဖျက်ဆီးနှောင့်ယှက်ခြင်းများ ပြုလုပ်လျက်ရှိပါသည်။ ထိုသို့ပြုလုပ်နေခြင်းကို ပြည်သူတစ်ရပ်လုံးက ရွံရှာမုန်းတီးလျက်ရှိပြီး ၎င်းအကြမ်းဖက်သမားများ အမြန်ဆုံးဖမ်းဆီးရမိရေးနှင့် ထိရောက်ပြင်းထန်စွာ အရေးယူဆောင်ရွက်ရေး လိုလားလျက်ရှိပါသည်။

အထက်ပါဖြစ်စဉ်မှ ထိခိုက်ဒဏ်ရာရရှိခဲ့သူများအား တပ်မတော်ဆေးရုံသို့ ပို့ဆောင်၍ လိုအပ်သည့်ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးလျက်ရှိပြီး ဖြစ်စဉ်တွင် ပါဝင်ပတ်သက်ခဲ့သည့် အကြမ်းဖက်သမားများအား ဖမ်းဆီးရမိနိုင်ရေး ဆောင်ရွက်လျက်ရှိပါသည်။

**(မြဝတီသတင်းစာ ၁-၈-၂၀၂၂)**

- **ကျောက်တံတားမြို့နယ်အတွင်းရှိ မြို့တော်ခန်းမအား အကြမ်းဖက်သမား အမျိုးသား ၂ ဦးက လက်ပစ်ဗုံးနှစ်လုံးဖြင့် ပစ်ပေါက်ထွက်ပြေးသွားခဲ့ရာ လက်ပစ်ဗုံးများ ပေါက်ကွဲမှုကြောင့် လုံခြုံရေးတပ်ဖွဲ့ဝင်အချို့နှင့် စည်ပင်နေ့စားဝန်ထမ်း ၂ ဦးတို့ ထိခိုက်ဒဏ်ရာရရှိခဲ့။**